CBCM

CBCM



**Herald**

# Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

## ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်

အတွဲ (၁)၊ အမှတ်(၃)

cbcmosc@gmail.com လူမှုဆက်သွယ်ရေးရုံး +၉၅ ၁ ၅၂၅၈၀၈

**CATHOLIC BISHOPS' CONFERENCE OF MYANMAR 2016.**




Back row : Fr.Albert Myo Lwin, Bp.Peter Louis Ca Ku, Bp.Raymond Po Ray, Bp.Peter Hla, Bp.Saw Yaw Han, Bp.Basilio Athai, Bp.Raymond Sumlut Gam, Bp.Lucius Hre Kung, Bp.Stephen Tjephe, Bp.Francis Daw Tang, Bp.Justine Saw Min Thide, Bp.Alexander Pyone Cho, Fr.Maurice Nyunt Wai

Front row : Archbp.Paul Zinghtung Grawng, Bp.Philip Za Hawng, Bp.Felix Lian Khen Thang, Cardinal Charles Bo, Nuncio Paul Tschang In-nam, Archbp.Nicholas Mang Thang, Archbp.Mattias U Shwe, Bp. John Hsane Hgyi, Bp. Issac Danu,

စာ (၆)သို့

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ CBCM Herald သတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်များ

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံသာသနာအသီးသီး၊ သူတော်စင်ဂိုဏ်း၊ CBCM ကော်မရှင်အသီးသီးတို့သည် နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ) အထူးသဖြင့်online ဖြင့်ပေးပို့ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

## သတင်းလွှာထုတ်ဝေခြင်း၏ဖွဲ့စည်းပုံ

- ထုတ်ဝေသူ။ ။ စီဘီစီအမ် အိုအက်စ်စီ
- အယ်ဒီတာ။ ။ လူမှုဆက်သွယ်ရေးတာဝန်ခံ
- အတိုင်ပင်ခံများ။ ။ CBCM အထွေထွေအတွင်းရေးမှူး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကော်မရှင်၊ ကက်သလစ်ရှေ့နေများအဖွဲ့
- အဖွဲ့ဝင်များ။ ။ သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ လူမှုဆက်သွယ်ရေးတာဝန်ခံများ၊ မြစ်မခ။

CBCM ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်
၂၉၂(က) ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့၊ ၁၁၁၁၁။

CATHOLIC BISHOPS' CONFERENCE OF MYANMAR (CBCM)

292 (A) Pyay Road
Sanchaung P.O
YANGON 11111
MYANMAR
CABLE: CATHWEL

G.P.O BOX 1080
(95) - (1) 500398 - Executive Secretary
(95) - (1) 525724 - Procurator
(95) - (1) 525868/511040 - Receptionist
FAX: (95) - (1) 527198
E-mail: secrcbcm@gmail.com

Ref 03 R/2016

**"မျိုးစောင့်ဥပဒေထွက်ရှိပြီးနောက်ပိုင်း ဘာသာတွဲလက်ထပ်ခြင်း (DISPARITY OF CULT) နှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ထုတ်ပြန်ချက်"**

၁။ ဘာသာတွဲလက်ထပ်ခြင်းဆိုသည်မှာ ကက်သလစ်ဘာသာဝင်တစ်ဦးနှင့် ခရစ်ယာန်မဟုတ်သော အခြားဘာသာဝင်တစ်ဦးတို့သည် မိမိတို့ယုံကြည်ကိုးကွယ်သည့်ဘာသာကို စွန့်ပစ်ရန်မလိုဘဲအတူတကွ လက်ထပ်ပေါင်းသင်းယှဉ်တွဲနေထိုင်ခြင်းကို ဆိုလိုသည်။

၂။ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာတည်ဆဲဥပဒေအရ ကက်သလစ်ဘာသာဝင်အမျိုးသားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦး လက်ထပ်ထိမ်းမြားမည်ဆိုပါက သက်ဆိုင်ရာမြို့နယ်တရားရုံး၏ ထိမ်းမြားခြင်းဆိုင်ရာမှတ်ပုံတင်အရာရှိထံမှ လက်ထပ်လက်မှတ်ရယူပြီး၊ သက်ဆိုင်ရာကက်သလစ်ဆရာတော်ကြီးထံမှ ခွင့်ပြုချက် (DISPENSATION) ရလျှင် လက်ထပ်ထိမ်းမြားခြင်းပြုနိုင်ပါသည်။

၃။ ကက်သလစ်ဘာသာဝင်အမျိုးသမီးတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်အမျိုးသားတစ်ဦး ဘာသာတွဲလက်ထပ်ခြင်းအတွက် တရားရုံးမှ လက်ထပ်လက်မှတ်မလိုဘဲ ဆရာတော်ကြီးထံမှ ခွင့်ပြုချက် (DISPENSATION) ရယူပြီး လက်ထပ်ထိမ်းမြားခြင်းပြုနိုင်သည်။

၄။ ဘာသာတွဲလက်ထပ်ခြင်းမှ ရရှိမည့်ကလေးများကို မိဘနှစ်ပါးသဘောတူညီမှသာ ဆေးကြောခြင်းပေးရမည်။

၅။ ဘာသာတွဲလက်ထပ်ခြင်းတွင် ကက်သလစ်ဘာသာဝင်ပြုမည့် ကတိသစ္စာကို အခြားဘာသာဝင်က သိရှိသဘောတူရန်လိုအပ်ပါသည်။

၆။ ဗုဒ္ဓဘာသာဝင်မှ ကက်သလစ်ဘာသာသို့ ကူးပြောင်းမည်ဆိုပါက ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေအရ လိုက်နာဆောင်ရွက်ပြီးမှသာလျှင် ကူးပြောင်းနိုင်ပါသည်။

အထက်ပါထုတ်ပြန်ချက်များကို မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ အတည်ပြုထုတ်ပြန်လိုက်ပါသည်။

+ [signature]
ဆရာတော်ကြီး ဖီလစ်လျှန်းခင်းထန်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ဆရာတော်ကြီးအဖွဲ့ချုပ်

+ P. Zahawng
ဆရာတော်ကြီး ဖီလစ်ပ်ဇဟောင်း
အတွင်းရေးမှူး

**မှတ်ချက်၊** ။ဤထုတ်ပြန်ချက်သည် မျိုးစောင့်ဥပဒေထွက်ပေါ်လာမှ ထုတ်ပြန်ခြင်းမဟုတ်ပါ။ ကက်သလစ်သာသနာတော်၏ အစကတည်းကတည်ရှိခဲ့သောသွန်သင်ချက်ကိုမသိသေးသောသူများအတွက်ထပ်ဆင့် ဖေါ်ပြပေးခြင်းဖြစ်ပါသည်။ (cbcm-osc)

## ကလေးငယ် (၂၆)ယောက်အား ပုပ်ဖရန်စစ်မှ ဆေးကြောခြင်းမင်္ဂလာပေးခြင်း



သခင်ယေရှုး ဂျော်ဒန်မြစ်တွင် ဆေးကြောခြင်းမင်္ဂလာ ခံခြင်း ကို အောက်မေ့ဖွယ်ကျင်းပသည့်ပွဲတော်ဖြစ်သောတနင်္ဂနွေနေ့ကပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ယောကျ်ားလေး၊ မိန်းကလေး၊ စုစုပေါင်းကလေးငယ်(၂၆) ဦးတို့အား မ္ဘွားတော်မြတ်ကြီးအတွင်း စစ္စတင်း ဘုရားကျောင်း၌ ဆေးကြောခြင်း မင်္ဂလာ ပေးခဲ့ပါသည်။

ရဟန်းမင်းကြီးဖရန်စစ်ကသြဝါဒ မြွက်ကြားသည်မှာ၊"ဆေးကြောခြင်းမင်္ဂလာအားဖြင့် သမိုင်းတလျှောက်တွင်၊ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းကို မျိုးဆက်တစ်ဆက်မှတစ်ဆက်၊ လက်ဆင့်ကမ်းလာခဲ့ကြကြောင်း၊ ဒီနေ့ဆေးကြောခြင်း မင်္ဂလာခံယူတဲ့ ကလေးငယ် ယောကျ်ားလေး (၁၃) ဦးနှင့် မိန်းကလေး (၁၃) ဦး ပေါင်း (၂၆) ဦးတို့၏ မိဘတို့အတွက် မမေ့ အပ်သည့်အရာမှာ ၄င်းတို့၏ သား သမီးများထံ၊ ယုံကြည်ခြင်းကို လက်ဆင့်ကမ်း ခြင်းသည် သာလျှင်၊အကောင်းမြတ်ဆုံးသော အမွေဖြစ်ကြောင်း၊ ကလေးငယ်များ ၏ ငိုသံကြားနေရသည့်အတွက်၊မိခင်များ အနေဖြင့် မိမိတို့ ၏ ကလေးငယ်များကို လွတ်လပ်စွာဖြင့် ကလေးများ ဆာလောင်သည့် မည်သည့်အချိန်တွင် မဆို၊ နို့ ချိုတိုက် ကျွေးနိုင်ကြကြောင်းဖြင့် မြွက်ကြားခဲ့ပြီး၊ မ္ဘွားတရားတော်အပြီးအန်ဂျေလူးမေတ္တာ ရွတ်ဆိုရာတွင်၊ ကျမ်းစာထဲမှ သခင်ယေရှုးဆေးကြောခြင်းခံယူသည့်အကြောင်းကိုထောက်ရှုကာ၊သင်သည်၊ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း ဟူသည့်ကျမ်းစကားအရ၊ သခင်ယေရှုးသည်ကျွန်ုပ်တို့အားလုံး၏ ကယ်တင်ရှင်မက်ဆီယားဖြစ်ကြောင်း၊ ဘုရားရှင်ကဖော်ပြလိုက်ခြင်း ဖြစ်ကြောင်း၊ ဧဝံဂေလိကျမ်းလေးစောင်စလုံးတွင်တွေ့ရသည့်၊ ဒီဆေးကြောခြင်းမင်္ဂလာ အခမ်း အနားအားဖြင့်၊ သန့်ရှင်းသော ဂိညာဉ်တော်ဘုရားသည်၊ ကျွန်ုပ်တို့ဆေးကြောခြင်းခံယူသူ အယောက်ဆီတိုင်းကို၊ အပြစ်ရှင်း၏ အမိုက်မှောင်မှ ကယ်နုတ်ကာ၊ မြင့်မြတ်လှပသည့် ကျေးဇူး တော်ကို ပြန်လည်ပေးအပ်ကြောင်း၊ ဘုရားရှင်၏သားသမီးအဖြစ် ခေါ်တော်မူခြင်းခံရသည့် သာမာန်ထက်သာလွန်သည့် ဂုဏ်သိက္ခာနှင့် ဆေးကြောခြင်းသည်၊သခင်ယေရှုးကဲ့သို့သော၊နူးညံ့သိမ်မွေ့ခြင်း၊ နှိမ့်ချခြင်း နှင့် နာခံခြင်းတို့ကို၊ ပုံအ တုယူ လိုက်ကျင့် ကြ ရန် နောက်လိုက်သားသမီးများ၏ တာဝန်ဖြစ်ကြောင်းကိုလည်းပြသနေကြောင်း၊ လွယ်ကူတဲ့အရာတော့မဟုတ်ပါဘူး၊ အထူးသဖြင့်၊ မာန်မာနတွေ၊ နလုံးသားမာကျောခြင်းတွေရှိနေတဲ့အခါမျိုးပေါ့ ဒါပေမဲ့ သန့်ရှင်းသော ဂိညာဉ် တော်၌ မဖြစ် နိုင်တဲ့အရာမရှိပါဘူး၊ သခင်ယေရှုးဆေးကြောခြင်း မင်္ဂလာခံယူသော ပွဲတော်ကိုကျင်းပခြင်းအားဖြင့်၊ကျွန်ုပ်တို့တစ်ဦးဆီခံယူခဲ့တဲ့ဆေးကြောခြင်းကို ပြန်လည်သတိယပြီး၊အသင်းတော်၏သားသမီးခရစ်ယာန်များအနေဖြင့်ကျွန်ုပ်တို့ပြုခဲ့သည့် ကတိသစ္စာကိုပြန်လည်ပြုကြပါစို့။ တစ်ကြိမ်တစ်ခါသာဆေးကြော ခြင်းခံယူကြသည်မှန်သော်လည်း၊ခရစ်တော်၏ အလင်းတော်ကို အထူးသဖြင့် အမှောင်ကမ္ဘာထဲမှဒုက္ခသည်များအတွက် နေ့စဉ်နေ့တိုင်း ထွန်းလင်းသက်သေခံနိုင်သူများဖြစ်ကြရမည်ဖြစ်ကြောင်း မြွက်ကြားခဲ့ပါသည်။

သခင်ယေရှုးဆေးကြောခြင်းမင်္ဂလာခံယူသော ပွဲတော်ကိုကျင်းပခြင်းအားဖြင့်၊ ကျွန်ုပ်တို့တစ်ဦးဆီခံယူခဲ့တဲ့ ဆေးကြောခြင်းကိုပြန်လည်သတိယပြီး၊ အသင်းတော်၏သားသမီးခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့ပြုခဲ့တဲ့ကတိသစ္စာကိုပြန်လည်ပြုကြပါစို့။ ကျွန်ုပ်တို့သည်တစ်ကြိမ်တစ်ခါသာ ဆေးကြောခြင်းခံယူကြသည်မှန်သော်လည်း၊ ခရစ်တော်၏ အလင်းတော်ကိုအထူးသဖြင့် အမှောင်ကမ္ဘာထဲမှဒုက္ခသည်များအတွက်နေ့စဉ်နေ့တိုင်းထွန်းလင်းသက်သေခံနိုင်သူများဖြစ်ကြရမည်ဖြစ်ကြောင်း"မြွက်ကြားခဲ့ပါသည်။ နောက်ဆုံးတွင်ဆေးကြောခြင်းခံယူခဲ့ကြသည့် ကလေးသူငယ်များ၊ ဘာသာဝင်ရန် ပြင်ဆင်နေကြသည့် အရွယ်ရောက်သူများကိုရဟန်းမင်းကြီးကအထူးကောင်းကြီးပေးခဲ့သည်။

(rva mym)

### ကမ္ဘာ့ရွှေ့ပြောင်းနေထိုင်သူများနှင့် ခိုလှုံရာရှာ သူများနေ့ ကျင်းပမည့်ရက်သတင်း

(၂၀၁၆) ခုနှစ် (ဇန်နဝါရီ)လ (၁၇)ရက် တနင်္ဂနွေနေ့တွင်၊ "ကမ္ဘာ့ရွှေ့ပြောင်းနေထိုင်သူများနှင့် ခိုလှုံရာရှာသူများနေ့ကို ကျင်းပမည်ဖြစ်ပါသည်။ ဆောင်ပုဒ်မှာ၊ (သနားကြင် နာခြင်းဖြင့် ဧဝံဂေလိတရားကို တုန့်ပြန်မည်၊ ရွှေ့ပြောင်းနေ ထိုင်သူများနှင့် ခိုလှုံရာရှာသူများရှိခြင်းက စိန်ခေါ် ချက်ရှိသည်) ဖြစ်ကြောင်း၊ သနားကြင်နာခြင်းဂျူဘီလီနှစ်တွင် သနားကြင်နာခြင်းကို ပိုမိုအကျိုးရှိရှိအသုံး ပြုရင်း အဖခမည်းတော်ဘုရား၏ ကြင်နာခြင်း အမှတ် လက္ခဏာကို ကျွန်ုပ်တို့၏ဘဝတွင် ထင်ရှားစေကြရ မည်ဖြစ်သည်" ဟုလည်းအရှင်သူမြတ်က ဆိုပါသည်။

"ကမ္ဘာအနှံ့အပြားတွင် မိမိတို့အိုးအိမ်များကိုစွန့်ခွာကြပြီး ရွှေ့ပြောင်းနေထိုင်သူများ ပိုမိုများပြား လာ နေ သည့်အတွက်၊ ယင်းဒုက္ခသည်များအပေါ် အမြတ်ထုတ်ခြင်းမပြုကြရန်" ကိုလည်း အရှင်သူမြတ်က သတိ ပေးခဲ့ပါသည်။ ရွှေ့ပြောင်းနေထိုင်သူဒုက္ခသည်များသည် ဘဝခိုလှုံရာကိုရှာဖွေနေကြသည့် ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများဖြစ်ကြပြီးအာကာသကြီးမှ သယံဇာတ၊ ထွက်ကုန်များကို မျှတစွာ သုံးစွဲခွင့်မရပဲ ဆာ လောင် မွတ် သိပ်နေကြသူများ ဖြစ်ကြကြောင်း၊ တစိမ်းတရံစာ များကို ကြိုဆို လက်ခံခြင်းသည် ဘုရားရှင်ကို ကြိုဆိုခြင်းပင်ဖြစ်ကြောင်းနှင့် သခင်ခရစ်တော်၏ မျက်နှာတော်ကို မြင်တွေ့နိုင်ခြင်းဖြစ်သည်။ သနားကရုဏာထားခြင်းသည် ဧဝံဂေလိတရားတော်ကို တုံ့ပြန်ကျင့်ကြံခြင်းဖြစ်ကြောင်းကို အသင်းတော်ကြီးက အကောင်အထည်ဖော်ရန် မမေ့သင့်ကြောင်း" ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်က သတိပေး မြွက်ကြားသည်ဟုဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

## သနားခြင်းသည် အကြမ်းဖက်ခြင်း၊မတရားမှုပို၍အင်အားကြီးမား (ကိုပိုက် (မြန်မာစာ)



ရဟန်းမင်းကြီးဖရန်စစ်သည် (၁၊၁၊၂၀၁၆)နေ့ ဘုရားဖူးများနှင့်တွေ့ဆုံစဉ် သနားခြင်းသည် အကြမ်းဖက်ခြင်း၊ မတရားမှုထက်ပို၍အင်အားကြီးမား သည်ဟုမိန့်ကြားခဲ့ပါသည်။ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

လောကကြီး၏ အနိဋ္ဌာရုံမြင်ကွင်းများသည် ဘုရားသခင်သနားခြင်းကရုဏာတော်နှင့်မနိုင်းယှဉ်နိုင်ပါ။အဘယ်ကြောင့်ဆိုသော်လူ့အဖြစ်ယူကာကြွ လာခြင်းသည်ကာလအသစ်တစ်ခုကို ယူဆောင်လာခြင်းဖြစ်ပါသည်။ သမိုင်းသည် ခရစ်တော်သခင်၏မွေးဖွားခြင်းကိုပိုင်းခြားသတ်မှတ်သည်မဟုတ်။သမိုင်းကိုပို၍ပြည့်စုံခြင်းသို့ရောက်စေပါသည်။ ထို့ကြောင့်ဘုရားသခင့်သားတော်၏ မွေးဖွားခြင်းသည်ခေတ်ကာလကို တစ်ခေတ်ဆန်းသစ်စေပါသည်။ အချိန်ကာလကိုသစ်ဆန်းသွားစေကာရှေး ကာလ၏ ကတိချက်ကို ပြည့်စုံခြင်းသို့ ရောက်စေပါသည်။ ခရစ်တော်သခင်သည် အချိန် ကာလပြည့်စုံစေခြင်းငှာ အမျိုးသမီးတစ်ဦးမှ မွေးဖွားခြင်းကိုခံခဲ့ပါသည်။ သူငယ်မွေးဖွားသောအချိန်ကာလသည် ရောမဘုရင်ဩဂုဏ်စတူး(စ်)မင်းအုပ် ချုပ်နေချိန်ဖြစ်ပါသည်။သူငယ်တော်၏ မွေးဖွားလာခြင်းကို ပထဂီအနေအထားအရသော်လည်းကောင်း၊ နိုင်ငံသားအနေအထားရသော်လည်းကောင်း ကြည့်ရန်မဟုတ်ဘဲ၊ လူသားအပေါ်ဘုရားသခင်ကတိတော်ပြည့်စုံမည့်အကြောင်းကိုသာထောက်ရှုဆင် ချင်ရန်သာဖြစ်ပါသည်။ ဘုရားသခင်သမိုင်း၌ ကြွရောက်ခြင်းသည် အချိန်ကာလ ပြည့်စုံခြင်းသို့ ရောက်ရှိခြင်းဖြစ်ပါသည်။ သူ၏မွေးဖွားခြင်းကြောင့်ဆင်းရဲချို့တဲ့သောဘဝ၌ တောက်ပထွန်းလင်းနေသော သူ၏ ဘုန်းတော်ကို နွားစားခွက်ထဲ၌လျှောင်းစက်နေသည့်အနေအထား၌မြင်တွေ့ရပေမည်။ သူ၏လူသားဘဝ ခံယူသည့်ဖြစ်စဉ်သည် (သိမ်ငယ်နိမ့်ကျသောသူငယ်)ကျွန်ုပ်တို့အတွက် အားတက်စရာ၊ ခွန်အားယူစရာဖြစ်ပါသည်။ လူတို့ လုံးဝမတွေးမိသော အတွေးမျိုးဖြင့်ချိန်းချက်သောအချိန်ကာလကိုပြည့်စေ ခဲ့သည့် အတွက်ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

ကမ္ဘာပေါ်ရှိအမျိုးသား၊အမျိုးသမီး၊ခလေးသူငယ်များသည် စစ်ဘေးရှောင်ဘဝဖြင့်လည်းကောင်း၊ငတ်မွတ်ခြင်းဘေးဒဏ်နှင့် ညည်းပမ်းနှိမ်စက်သတ်ဖြတ်ခြင်းများကိုခါးစည်းခံနေရချိန်၌မိမိတို့၏အသက်ကိုလု၍ ကယ်ရသည့်အချိန်တွင် အဘယ်သို့ဘုရားသခင်၏ကတိတော်သည်ပြည့်စုံလာနိုင်မည်နည်း။ လူ့ဂုဏ်သိက္ခာ၊လူ့ တန်းဖိုးလေးစားလိုက်နာရန်အဘယ်သို့ တိုက်တွန်းပြောဆိုနိုင်မည်နည်း။ဘုရားသခင်၏အစီအမံနှင့်လူသားတို့၏အနိဋ္ဌာရုံမြင်ကွင်းတို့သည် ဆန့်ကျင်နေကြပါသည်။အပြစ်တို့၏ဂါးမြို့ခြင်းကြောင့် ရင်နစ်စရာအဖြစ်သည် ခရစ်တော်သခင်အားဖြင့်ပြည့်စုံခြင်းသို့ရောက်မည့်အချိန်ကာသည်ဆန့်ကျင်ဘက်ဖြစ်နေသယောင်ရှိနေပါသည်။ သို့သော်ဘုရားသခင်၏သနားခြင်းကရုဏာသည်ဤအနိဋ္ဌာရုံအဖြစ်များအားလုံးကိုကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ဤပုတ်ပွနေသော ခေတ်ရေစီးကြောင်း၏ နံစော်သောအနံ့အသက်များသည် ဘုရားသခင်၏သနားခြင်းကရုဏာရေလှိုင်းဖြင့် ပုတ်ထုတ်ဆေးကြောပစ်လိုက်လျှင်မည်သည့်အရာမျှထင်ကျန်နေမည်မဟုန်သကဲ့သို့ မည်သည့်အနံ့အသက်မျှကျန်ရှိ တော့ မည်မဟုတ်ပေ။

ကျွန်ုပ်တို့အားလုံးသည်ဘုရားသခင်၏သနားကြင်နာခြင်း သမုဒ္ဒရာထဲတွင် မြုပ်အောင်နစ်ရန်၊အသစ်တဖန်မွေးဖွားသန့်စင်ရန်၊ ကျွန်ုပ်တို့အားသူ တစ်ပါး ၏လိုအပ်ချက်များကို ပိုင်းဝန်းကူညီဖေးမလိုသော စိတ်ဓာတ်၊ အမြင်များကိုအတားအဆီးဖြစ်စေသည့် မပူမအေးသောအခြေအနေကို အောင်မြင်ရန်ခေါ်ဆောင်ခြင်းခံထားရပါသည်။ ထို့အ တူတစ်ပါးသူ၏ဒုက္ခ၊ သုက္ခကို ဂေမျှခံထမ်းလိုစိတ်မရှိသောမားယွင်းသည့်ခံစားချက်ကိုလည်းခါဂါချပစ်ရမည်။

ကျွန်ုပ်တို့၏မျှော်လင့်ခြင်းကိုပြည့်ဝစေသော ခရစ်တော်ယူဆောင်လာသည့်ကယ်တင်ခြင်းကျေးဇူး တော်သည်၊ အစဉ်တရားမျှတ၍ ညီအစ်ကို မောင်နမကဲ့သို့ချစ်ခင်ရင်းနှီးသောကမ္ဘာကိုခရစ်တော်သခင်နှင့် အတူတည် ဆောက်ရာဆီသို့ဦးတည်ပါသည်။ ထိုကမ္ဘာသည်လူတိုင်း၊ သတ္တဝါတိုင်းငြိမ်းချမ်းစွာ၊ ဘုရားသခင်ဖန်းဆင်းစဉ်ကကဲ့သို့သဟဇာတရှိစွာနေထိုင်နိုင်သော အခြေအနေ ဖြစ်ပါသည်။

အမိမယ်တော်သည် ရှေးကတိစကားပြည့်စုံခြင်းသို့ရောက်ရန်ရွေးချယ်ခြင်းခံရသူဖြစ်သည်။သူသည်ကောင်းကင်တမန်တော်၏နှုတ်တော်ထွက်စကားကိုယုံကြည်သူဖြစ်သည်။ထို့နောက်သန္ဓေယူပြီး၊ ဘုရား၏မယ် တော်အဖြစ်ခံယူခဲ့သည်။သူ့အားဖြင့်သော်လည်းကောင်း၊သူ၏`ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်ပါစေ’ဟူသောစကားတော်အားဖြင့်လည်းချိန်းချက်သော အချိန်သည် ပြည့်စုံခြင်းသို့ ရောက်လာခဲ့ပါသည်။

အမိမယ်တော်သည်သိုးထိန်းတို့၏ပြောဆိုချက်များအားလုံးကိုစိတ်ထဲ၌မှတ်သားထားလေ၏။(လုကာ၂း၁၉)အမိမယ်တော်သည် ယေရှုသခင်၏ ဖြစ်စဉ်များဖြင့်ပြည့်လျှံနေသောသဘော်ကဲ့သို့ဖြစ်ပြီး၊ ကျွန်ုပ်တို့လို အပ်နေသောအလင်းကျေးဇူးများအတွက်ချဉ်းကပ်တောင်ခံနိုင်သောဉာဏ်ပညာတော်၏ဌာပနာလည်းဖြစ်ပါသည်။ ယနေ့အမိမယ်တော်သည်ကျွန်ုပ်တို့အားလုံးအတွက်၊ မိသားစုအတွက်၊ နိုင်ငံအတွက်၊ တစ်ကမ္ဘာလုံးအတွက်ဖြစ်နိုင်ချေ (လုပ်နိုင်ခြေ) ရှိသောအဖြစ်အပျက်တစ်ခုကိုဖြစ်အောင်လုပ်ပြသွားပါသည်။ အတွေးအခေါ်ဆိုင်ရာတွေးခေါ်ချက်များ၊ နိုင်ငံရေးဆွေးနွေးမှုများမှ မရရှိနိုင်သောရလာဘ်များကို ခရစ်တော်၏ ဂမ်းမြောက်စရာကျေးဇူးတော်ဖြင့်ယူဆောင်ပေးနိုင်သကဲ့သို့လက်လှမ်းမှီနိုင်ကာလမ်းသစ်ကို အမြဲဖွင့်၍ဆင်ချင်၊ ဆွေးနွေးနိုင်ရန်ဖန်တီးပေးပါသည်။

အမိမယ်တော်သင်၏ကောင်းကြီးတော်ကိုဤယနေ့သင့်အားဂုဏ်ပြုဆက်ကပ်သောနေ့၌ ကျွန်ုပ်တို့ထံပို့လွှတ်ပေးတော်မူပါ။ သင့်သားတော် ယေရှု၏ မျက်နှာ တော်ကိုကျွန်ုပ်တို့အားပြတော်မူပါ။ သူသည် ကမ္ဘာတစ်ပှမ်းလုံးအပေါ်သနားခြင်း နှင့်ငြိမ်းချမ်းခြင်းကို ဆောင်ယူလာပေးသူဖြစ်ပါသည်ဟု အမိမယ်တော်အားအသနားခံတောင်းလျှောက်ခဲ့ပါသည်။

*Mercy is stronger than violence and injustice, Pope says Vatican City, Jan 1, 2016*

## မိသားစုအတွင်း၌ ခွင့်လွှတ်ခြင်းကို လေ့လာသင်ယူနိုင်



ပုပ်ရဟန်းမင်းကြီးဖရန့်စစ်အရှင်သူမြတ်သည်သန့်ရှင်းသောအိမ်ထောင်စုပွဲတော်နေ့ကြီး၌၊ စိန်ပီတာရင်ပြင်တော်ရှိ ဘုရားဖူးပရိတ်ကြီးနှင့်အတူ အန်ဂျေလူးမေတ္တာ ရွတ်ဆိုဆုတောင်းခဲ့ပါသည်။ နာဇရက်မြို့မှသန့်ရှင်းသော အိမ်ထောင်စု၏ စံနမူနာအားဖြင့်၊ ဘဝအတွက်တန်ဖိုးမဖြတ်နိုင်သောအကြံပြုချက်များနှင့်ဘဝပုံစံရွေးချယ်မှုများ၊ နေ့စဉ်ခရီးစဉ်အတွက်ခွန်အားနှင့်ဉာဏ်ပညာတို့ကိုစွဲငင်ယူဆောင်နိုင်ကြောင်း၊ အရှင်သူမြတ်ပုပ်ဖရန့်စစ်ကမြွက်ကြားခဲ့ပါသည်။မယ်တော်နှင့်အဖသံဂျူဇယ်တို့က၊ ကလေးငယ်များကို ဘုရားရှင်ပေးသောလက်ဆောင်တော်အဖြစ်ခံယူတတ်ရန် သင်ပေး နေကြောင်း၊ ကလေးတစ်ဦးစီ၏အပြုံးနှင့်ဖန်ဆင်းရှင်က ပေးသည့်လက်ဆောင်တော်ကို ထူးဆန်းသောနည်း တို့ဖြင့် ဘုရားရှင်နှင့်အတူပေါင်းစည်းကာ၊ လက်ခံကြိုဆိုကြရမည် ဖြစ်ကြောင်းစည်းလုံး ညီညွတ် သောမိသားစုမှကလေးငယ်များတို့သည်၊ရင့်ကျက်မှုအပြည့်အဝရှိကာ၊ ဂမ်းမြောက်ခြင်း ဖြင့်ခွင့်လွှတ်တတ်ခြင်း၊ အပြန်အလှန်နားလည်လေးစားတတ်ခြင်း၊ နူးညံ့ခြင်း၊ ချစ်ခြင်း မေတ္တာတို့ကိုလွတ်လပ်စွာခံစားတွေ့ကြုံကြရသည်ဟု အန်ဂျေလူးမေတ္တာရွတ်ဆို ရာ တွင်ဘုရားဖူးပရိတ်သတ်များအား မြွက်ကြားခဲ့သည်ပါသည်။ ***(ဗာတီကန်ရေဒီယို)***

**ပထမဆုံးသူငယ်တော်အိမ်မြင်ကွင်းနေရာ ဂရက်ရှီယို သို့ ပုပ်ဖရန့်စစ်အလည်အပတ်ကြွရောက်**

(၄၊၁၊၂၀၁၆)တနင်္လာနေ့တွင်ပုပ်ရဟန်းမင်းကြီးဖရန့်စစ်သည်ရောမမြို့၏မြောက်ဘက်လာဇီးယိုနယ်၊ တောင်ပေါ်မြို့လေးတနေရာဖြစ်သော ဂရက်ရှီယိုသို့ သီးသန့်အလည်အပတ်ကြွရောက်ခဲ့ပြီးဖရန့်စစ္စကင်းအသင်းဂိုဏ်းသားများနှင့်တွေ့ဆုံခဲ့ပါသည်။ဘက်သလင် ဟင်မြို့ရှိ သူငယ်တော်ယေရှု ဖွားမြင်ခြင်းကိုပြန်လည်အမှတ်ရပုံဖေါ်စေရန်စိန်ဖရန့်စစ်အာစီစီကိုယ်တိုင်ဒေသရှိတိရိစ္ဆာန်များဖြင့်(၁၂၂၃)ခုနှစ်တွင်ပြုလုပ်ပုံဖော်ခဲ့သောမြို့လေးသို့ သွားရောက် ခဲ့ပါသည်။

ထိုတောင်ပေါ်မြို့သို့ ရှေးအစဉ်အလာအတိုင်းဘုရားဖူးများ ကြွရောက်ကြပြီး ထင်ပေါ်ကျော် ကြားသည့်ဗိမာန်တော်အဖြစ်ဆက်လက်တည်ရှိသကဲ့သို့ စိန်ဖရန့်စစ်ကျိန်းစက် အနားယူရာ ရသေ့ကျောင်းအနီးခေါင်းလောင်းစဉ်ကိုလည်း ဘုရားဖူးများလေ့လာကြည့်ရှုနိုင်ကြကြောင်း၊ ပုပ်ရဟန်းမင်းကြီးဖရန့်စစ်ကြွရောက်ချိန်တွင် ခေတ္တတိတ်ဆိတ်စွာဆုတောင်းမေတ္တာပြုကာ အနီးအနားတစ်နေရာတွင်ရှိသော ဘုရားကျောင်းသို့လည်းကြွရောက်လည်ပတ်၍ ယင်း ကျောင်းတော်မှ ဆရာတော်ကြီး Domenico Pompili နှင့်အတူနေ့လည်စာသုံးဆောင်ခဲ့ပါ သည်။၄င်းအပြင်ဘုရားဖူးရောက်ရှိလာကြသည့်လူငယ်

**Pope Benedict XVI အတွက် မြူးစစ် Concert ပွဲကျင်းပခြင်း**

ဗာတီကန် ဥယျာဉ်တော်အတွင်း Vatican studio ရှိ Assumption Hall ခန်းမ ၌ ဗုဒ္ဓဟူးနေ့နေ့ လည်တွင် အထူးမြူးစစ်ရှိုးတစ်ခု ပြုလုပ်ကျင်းပခဲ့ပါသည်။၄င်းအစီအစဉ်တွင်အထူးဧည့်သည်တော်အဖြစ်အနားယူသွားပြီ ဖြစ်သောပုပ်ရဟန်းမင်းကြီး(၁၆)ဆက်မြောက်ဘယ်နဒစ် အရှင်သူမြတ် လည်းပါရှိခဲ့ပါသည်။အထက်ပါမြူးစစ် ရှိုးပွဲတွင် ဂျာမန် မြူးစစ်အဖွဲ့ မှ အဖွဲ့ ခေါင်းဆောင် Christian Heiss က အသက် ၁၂ နှစ်မှ ၁၈ အကြား လူငယ် ၃၆ ဦးတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း၊ ၄င်းလူငယ်များမှာ နိုင်ငံတကာအငယ်တန်းအဆိုတော်များညီလာခံသို့တက်ရောက်ရန်အတွက် ရောမမြို့တော်သို့ရောက်ရှိနေကြခြင်းဖြစ်ပါသည်။

Benjamin Britten, Brahms နှင့် Mendelssohn မြူးစစ်အပါအဝင်၊ ခရစ္စမတ် ဆောင်ပုဒ်ဖြင့် ပြုလုပ်ခဲ့သည့် ဖျော်ဖြေပွဲဖြစ်ကြောင်း၊"O du fröhliche” ကယ်ရယ်မှာပုပ်ဘယ်နဒစ်၏ညီတော် Mgr. Georg Ratzinger,ကစီစဉ်ခဲ့ခြင်းဖြစ်ပါသည်။ပုပ်ရဟန်းမင်းကြီးအိမ်တော်ထိန်း Mgr. Georg Gaenswein နှင့် ဂျာမနီ၏ယခင် နန်စီယိုဖြစ်သော၊ Cardinal Giovanni Lajolo, လည်းပါဝင်တက်ရောက်ခဲ့ကြောင်း၊ ၄င်းတို့၏ဖျော်ဖြေပွဲတွင် ပုပ်ရဟန်းမင်းကြီးဘယ်နဒစ်ပါရှိနေသည့်အတွက်၊ ဖျော်ဖြေသူလူငယ်များ၏မျက်နှာတွင် ပြုံးပျော်ရွှင်သည့်အရိပ်ယောင်များတွေ့မြင်နိုင်ကြောင်း၄င်းတို့၏ဖျော်ဖြေပွဲအပြီးတွင်တော့ ပုပ်ရဟန်းမင်းကြီးဘယ်နဒစ်အရှင်သူမြတ်က၄င်းတို့အားကျေးဇူးတင်ခဲ့ပြီး နှစ်သစ်မှာပျော်ရွှင်နိုင်ပါစေကြောင်းနှင့် ရောမမြို့တော်တွင် ခဏတာနေထိုင်လည်ပတ်ရာ၌ သာယာပျော်ရွှင်စေနိုင်ပါစေဟု နှုတ်ခွန်းဆက်ခဲ့ပါသည်။ **(rva mym)**

# ကက်သလစ်ဆရာတော်ကြီးများ၏ အထွေထွေ အစည်းအဝေး

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများ၏ အထွေထွေ အစည်းအဝေးကြီးကို အဖွဲ့ချုပ်ရုံးတည်ရှိရာ ရန်ကုန်မြို့တွင် (၆ မှ ၉ ရက်) (ဇန်နဝါရီ)လ (၂၀၁၆) ခုနှစ်တွင်ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို ကက်သလစ်ဆရာတော်ကြီးများ၏ ဥက္ကဌ ဆရာတော် ဖီလက်စ် လျှန်းခင်းထန်မှကက်သလစ်ဆရာတော်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်လာသော ရဟန်းမင်းကြီး၏ကိုယ်စားလှယ် ဂိုဏ်းချုပ်ဆရာတော် Paul Tschang In-Nam ကို ကြိုဆိုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာပြည်အတွက် ရဟန်းအမတ် ကာဒီနယ်ချားစ်ဘို အားရွေးကောက်ပေးခြင်းနှင့် ရန်ကုန်ဂိုဏ်းချုပ်သာသန၏လက်ထောက်ဆရာတော်အဖြစ် မော်ဆီညော် ဂျွန်စောယောဟန်ကို ရွေးကောက်ပေးခြင်းတို့သည် ထူးခြားသောနှစ်ဖြစ်သည်။အထွေထွေရွေးကောက်ပွဲတွင် အင်လယ်လ်ဒီအနိုင်ရခြင်းသည်လည်း မြန်မာပြည်အတွက် ပိုမိုချီးကျူးထိုက်စေပါသည်။ နောက်ဆုံးတွင်ပျော်ရွှင်၊ချမ်းမြေ့ သောနှစ်သစ်၂၀၁၆ ဖြစ်ပါစေကြောင်းနှုတ်ခွန်းဆက်သခဲ့ပါသည်။

နှစ်သစ်၏အစတွင်မြန်မာပြည်သိုးထိန်းဆရာတော်ကြီးများကိုတွေ့ရသည်အတွက်အလွန်ပင်ဝမ်းမြောက်ပါကြောင်း၊ (၂၀၁၅) ခုနှစ်၊ (နိုဝင်ဘာ)လ (၈)ရက်နေ့တွင်ပြုလုပ်ခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ကောင်းသောရလဒ်များကိုရရှိခဲ့သည့်အတွက်မြန်မာပြည်သူပြည်သားများနှင့်ကက်သလစ်ဘာသာဝင်အားလုံးအတွက်ဝမ်းမြောက်ကြောင်း၊ ရာစုနှစ် (နှစ်)စုအတွင်း ပြုလုပ်ခဲ့သော လွတ်လပ်မျှသသည့်ရွေးကောက်ပွဲအတွက် မြန်မာပြည်သူပြည်သားနှင့်ထပ်တူ ဝမ်းမြောက်ပါကြောင်း၊ အေးချမ်းသော အာဏာလွှဲပြောင်းခြင်းနှင့် စစ်မှန်သော အပစ်အခတ်ရပ်စဲရေး သဘောတူညီခြင်းနှင့် ဗာတီကန်နှင့် မြန်မာပြည်တို့သည် တရားဝင် သံတမန်ဆက်ဆံခြင်း တည်ဆောက်နိုင်ရန်မျှော်လင့်ကြောင်း၊ အစိုးရသစ်၏ဦးဆောင်မှုဖြင့် မြန်မာပြည်သူပြည်သားတို့သည် မပြောင်းလဲနိုင်သည့်လူသားတိုင်း၏ ဂုဏ်သိက္ခာ လေးစားခြင်းကိုခြေခံကာ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်း၊ တိုးတက်ခြင်းနှင့် ညီညွတ်ခြင်းတို့ကို မျှော်လင့်ရင်းဆုတောင်းပေးပါကြောင်း ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ကမြွက်ကြားခဲ့ပါသည်။

ဆက်ဘက်၍သန့်ရှင်းသောသနားဂရုဏာနှစ်ကို ကျင်းပခြင်းဖြင့်ယုံကြည်သူအားလုံး တို့သည် ကရုဏာရှင်ဘုရားသခင်နှင့် စစ်မှန်စွာတွေ့ဆုံ ခြင်း ဖြစ်စေရန် ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်အလိုရှိကြောင်း၊ ခန္ဓာကိုယ်နှင့် ဂိညာဉ်ရေးဆိုင်ရာ ကရုဏာလုပ်ငန်းများကျင့်ဆောင်ခြင်းဖြင့် ဘုရားသခင်၏ ကြင်နာခြင်းနှင့်ကရုဏာကိုလိုအပ်သောသူများစီသို့ပို့ဆောင်ပေးနိုင်မည်ဟု ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ကဖိတ်ခေါ်နေပါသည်။

ရဟန္တာအပေါင်းတို့၏တစ်လုံးတစ်ဝတည်းရှိခြင်းယုံကြည်ခြင်းဖြင့် ဂျူဘီလီ အခွင့်လွှတ်ခြင်းကျေးဇူးတော်ကိုကျွန်ုပ်တို့အတွက်သာမက သေလွန်ပြီးသောသူများအတွက်ပါရရှိနိုင်ပါသည်။ ကိုယ်ဝန်ဖျက်ချကြသောသူများတို့သည် စစ်မှန်သောနောင်တတရားနှင့်ခွင့်လွှတ်ခြင်းကို လိုအပ်သောသူတို့ကို ဂျူဘီလီနှစ်တွင်အခွင့်ချမ်းသာပေးရန် အခွင့်အာဏာကို ရဟန်းဘုန်းတော်ကြီး များအား ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ပေးခဲ့ပါသည်။ (Pope Francis, Letter to the President of the Pontifical Council for he Promotion of he New Evangelization,1 September 2015)

နောက်ဆုံးတွင် ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်က ဘုရားသခင်၏ အလိုတော်အတိုင်း အမိကက်သလစ်သာသနာတော်ကို နှိမ့်ချစွာ အစေခံခြင်းနှင့် အမိမယ်တော်၏ထပ်ဆင့်ဆုတောင်းပေးခြင်းဖြင့်အစေခံနိုင်ကြပါစေကြောင်းဆုတောင်းပေးခဲ့ပါသည်။

မြန်မာပြည်ကက်သလစ်ဆရာတော်ကြီးများ၏ အစည်းအဝေးကိုဆက်လက်ပြုလုပ်ရာတွင် လူမှုဆက်သွယ်ရေးကော်မရှင်၏လုပ်ငန်းစဉ်များ တင်ပြခဲ့ပါသည်။

- ကက်သစ်ဆရာတော်ကြီးများရုံး၏သတင်းစာလွှာ CBCM Heral ထုတ်ဝေခြင်းဖြင့် သတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ) အထူးသဖြင့် Online ဖြင့်ပေးပို့သကဲ့သို့ စာစောင်ဖြင့်လည်းထုတ်ဝေမည်။ စာတစ်စောင်လျှင် ၃၀၀ကျပ်၊ တစ်လစာလျှင် ၅၀၀ ကျပ်၊ တစ်နှစ်စာကို ၆၀၀၀ကျပ်နှုန်းဖြင့်စာစောင်အားပေးလိုသူများအတွက် တစ်နှစ်စာ ကြိုတင်ငွေပေးစနစ်ဖြင့် သက်ဆိုင်ရာ သာသနာအသီးသီးရှိ လူမှုဆက်သွယ်ရေးတာဝန်ခံများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဖြစ်သည်။ (သတင်းစာလွှာကို စာမျက်နှာ အရေအတွက်တိုးလာပါက စာစောင်ဖိုးလည်းတိုးပါမည်။)
- အာရှသမ္မာတရားလေလှိုင်းအသံထုတ်လွှင့်ခြင်းများကို တိုးတက်လာသော အင်တာနက်ခေတ်နှင့်အညီ အွန်လိုင်း ထုတ်လွှင့်ခြင်းစီသို့ ပြောင်းလဲနိုင်ရန် ကြိုတင်ပြင်ဆင်နေပြီဖြစ်သည်။
- ဝတ်ပြုကိုးကွယ်ခြင်းကော်မရှင်နှင့်လူမဆက်သွယ်ရေးကော်မရှင်တို့ တိုင်ပင်ကာ မြန်မာပြည်အနံ့အပြားတွင်အသုံးပြုနေသော ဓမ္မသီချင်းများကိုပြန်လည် မွမ်းမံကာ တေးခတ်အသံပြန်သွင်းမည်ဖြစ်သည်။
- (၅၀)ကြိမ်မြောက် ကမ္ဘာလူမှုဆက်သွယ်ရေးနေ့ အထိမ်းအမှတ် ဂျူဘီလီ ပွဲတော်ကို ဇွန်လ ကက်သလစ်ဆရာတော်ကြီးများ၏ ဒုတိယအကြိမ် (၆) လ ပတ်အစည်းအဝေးနှင့်အတူ ကျင်းပမည်။ (ကျင်းပမည့်ရက်အတိအကျ၊ အစီအစဉ်များကို ပြန်လည်ဖေါ်ပြပါမည်)

* တစ်နိုင်ငံလုံးဆိုင်ရာ သနားကရုဏာနှစ် ပွဲတော်ကြီးကျင်းပခြင်းကို (၁၃)ရက်၊ (ဖေဖေါ်ရီ)လ (၂၀၁၆) နေ့၊ ညောင်လေးပင် မယ်တော်သခင်မပွဲတော်တွင် ကျင်းပပါမည်။

* သူတော်စင်များနှစ်ဂျူဘီလီ ပိတ်ပွဲအခမ်းအနားကို ပုသိမ်သာသနာ၊ ပုသိမ်မြို့တွင် (၂)ရက်၊ဖေဖေါ်ရီ)လ၊ (၂၀၁၆) နေ့၌ကျင်းပပါမည်။

(cbcm-osc)




## စိန်ဂျိုးဇက်သီလရှင်များ၏ငွေစင်ဂျူဗလီပွဲကျင်းပခြင်းသတင်း




စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်း (၂၅)ဝါ၊ ငွေစင်ဂျူဗလီပွဲရှင်များမှာ၊

1) Sr.Catherine Dau Nyoe
2) Sr.Christine Lum Nan
3) Sr. Magdalene Lim
4) Sr. Marion Felix
5) Sr. Mary Magdalene Rozario
6) Sr. Faustina Sung Naung

တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံမှ အမျိုးသမီးသူတော်စင်ဂိုဏ်းတစ်ဂိုဏ်းဖြစ်သော စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်းမှသီလရှင်(၆) ပါးတို ့ ၏ ငွေစင်ဂျူဗလီပွဲတော်ကြီးကို မန္တလေးမြို့ ၈၂လမ်း၊၂၅-၂၆ ကြားရှိ ရွှေနှလုံး တော် ကာသီဒြယ် ဘုရား ရှခိုး ကျောင်းတွင် (၈.၁.၂၀၁၆) နံနက် (၉း၀၀) ကကျင်းပခဲ့ပြီး ကျေးဇူး တင် မစ္ဆားတရားတောမြတ် ကိုပူ ဇော် ခဲ့ကြ ပါသည်။
မစ္ဆားတရားတွင်ရပ်နီးရပ်ဝေးမှဘုန်းတော်ကြီး(၁၂)ပါး၊ အနယ်နယ်အရပ်ရပ်မှ စိန်ဂျိုးဇက် သီလ ရှင်များ၊ အသင်းဂိုဏ်း အသီးသီးမှသီလရှင်များ၊ ဆွေမျိုး များနှင့် ဓမ္မမိတ်ဆွေများပါဝင်တက်ရောက်ခဲ့ကြပါသည်။ အထက်ပါဂျူဗလီ မစ္ဆား တရားတွင်၊ ကျောင်းထိုင်ဘုန်းတော်ကြီးဖာသာရ်မာကုတင်ဝင်းက၊ဩဝါဒ တရားရေအေးတိုက်ကျွေးခဲ့ရာ၊ လွန်ခဲ့သော(၂၅)နှစ်က ဂျူဗလီရှင်သီလရှင်(၆)ပါးသည်၊ စိန်ဂျိုးဇက်သီလရှင်အသင်းဂိုဏ်းတွင်၊ ဘုရားရှင်ရှေ့ အများ ရှေ့ ၌ ဒူးတုပ်ကာ၊ ကိုယ်တော် ရှင်အလိုရှိပါက၊ မိမိတို့ ဘဝကိုမထိုက်တန်သော်လည်းပဲဆိုပြီးဆက်ကပ်ခဲ့ကြတယ်။ ဘုရားရှင် တစ်ပါး တည်းကို သာလျှင်၊ မိမိတို့ ဘဝကိုအပ်ခဲ့ကြတယ်။ (၂၅)ဝါဆိုသည်မှာ၊နည်းတဲ့နှစ်မဟုတ်ပါကြောင်း၊ဒုက္ခတွေကိုဖြတ်ကျော်ခဲ့ပြီးမှ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဒီနေ့ဘုရားရှင် ထံမှာ ကျွန်ုပ်တို့ပြောနိုင်တာက ငါ့အသက် ရှင်နေ တာဟာ၊ ငါမဟုတ်တော့ဘူး ယုံကြည်ခြင်းနှင့်ရှင်သော အသက်ဖြစ်တယ်။ ကိုယ်တော်၏ မေတ္တာတော် နှင့် ကွဲကွာ မသွားစေပါနှင့်။ သင်တို့ (၆)ပါးစလုံး အတွက် သာသနာ တခု လုံးက ဝမ်းသာ ဂုဏ်ပြုပါ တယ် ဟုမြွက်ကြား ခဲ့ပါသည်။

သီလရှင်(၆)ပါးတွင် တစ်ပါးမှာ ကျန်းမာရေးအခြေအနေအရ ပါဝင် တက်ရောက် နိုင်ခြင်း မရှိ သည့် အတွက်၊ သီလရှင်(၅) ပါးသာလျှင်၊ ဂျူဗလီ မစ္ဆား တရားတော်မြတ်၌ပါဝင်နိုင်ခဲ့ကြောင်း၊ ထို့နောက် ဂျူဗလီရှင်များအားလုံး၏ကိုယ်စား စစ္စတာရ်တစ်ပါးက၊ ကျေးဇူးတင်စကားကို ပြောကြားရာတွင် "ထူးခြားစွာဖြင့်၊ သနားကြင် နာခြင်းနှစ်တွင်၊ ငွေရတု ဂျူဗလီကို ကျင်းပခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ အသင်းဂိုဏ်း၏အကြီးအကဲနှင့်တကွ၊ ကြွရောက်ကြသော၊ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် မိသားစုများ၊ ဓမ္မမိတ်ဆွေများအားလုံးကို ကျေးဇူးတင်ကြောင်း။ ဒါတွေအားလုံးဟာဘုရားရှင်ရဲ့ ချစ်ခြင်းတွေဖြစ်ပြီး၊ ဒီလိုချစ်ခြင်း တွေနဲ့ အတူ၊ ခွန်အားများ၊ အားပေးမှုများသည်လည်း၊ ရေတွက် ၍မကုန်နိုင်ကြောင်း ၊ အပ်နှံပူဇော်ထားတဲ့ ရာသက်ပန် သီလရှင်ဘဝတွင်၊ အထူးကျေးဇူးတင်လိုသည်မှာ၊ အဘက်ဘက်မှ ပံ့ပိုးကူညီပေးကြသော မိဘ၊ ညီအစ်ကို မောင်နှမများနှင့် ဆွေမျိုး၊ မိတ်ဆွေ ၊ သူငယ်ချင်းများ၊ သီလရှင်သက်တမ်းတစ်လျှောက်လုံးတွင် ပြုပြင်လမ်းညွှန်၊ သင်ကြားပို့ ချပေးခဲ့ကြသည့် ကျေးဇူးရှင်အကြီးအကဲများနှင့် ဆရာသမားများ ပင်ဖြစ်ကြောင်း၊ ကျမတို့ ဂျူဗလီရှင်များ၏ အထူးဆုတောင်းမေတ္တာသည်၊ မိတ်ဆွေများအားလုံးအပေါ် သက်ရောက်ပါစေဟု ဆန္ဒပြု ပါ ကြောင်း" ဖြင့် ကျေးဇူးစကားပြောကြားသွားခဲ့ပါသည်။
ငွေစင်ဂျူဗလီရှင် များထဲမှ Sr.Mary Magdalene Rozario ကလည်း၊ "ယခုလိုအခွင့်အရေးသည်၊ ဘုရားရှင် ပေးသနား၍သာရရှိသော အခွင့် အရေးဖြစ်ကြောင်း၊(၂၅)နှစ်တိုင်တိုင် သီလသည်ဘဝကို လျှောက်လှမ်းသည့်နေရာတွင်၊ ကြမ်းတမ်းသည့် ခရီးလမ်း၊ ချောမွေ့ သည့်ခရီးလမ်း အစုံကို လျှောက်လှမ်းခဲ့ရကြောင်း၊ဒီအရာအားလုံးသည်၊ဘုရားရှင်၏အထူးကျေးဇူးတော်များပင်ဖြစ်သည်ဟုမှချယုံကြည်ကြောင်း၊ မိမိတို့ပြုသည့်ကတိသစ္စာသည် လည်းဘုရားရှင်၌သာမူတည်သည့်အတွက်ကိုယ်တော်၌သာ၊ အပြီးအပိုင်အပ်နှံထားပါကြောင်း၊ ကျမတို့(၆)ပါးစလုံးအခုလိုအတူတကွ ဂျူဘီလီ ကျင်းပခွင့် ရသည့်အတွက်လည်း အင်မတန်မှဂုဏ်ယူဂမ်းမြောက်ရင်းဘုရားရှင်ကိုကျေးဇူးတင်မဆုံးနိုင်ပါဟု"ရင်တွင်းဖြစ်စကားဆို ခဲ့ပါသည်။ ***(RVA မြန်မာ)***

# ကရင် အမျိုးသားနှစ်သစ်ကူးနေ့



(ပုသိမ်သာသနာ)



(ရန်ကုန်သာသနာ)

(၁၀.၁.၂၀၁၆)နေ့တွင်ပုသိမ်ဂိုဏ်းအုပ်သာသနာပိုင်ရှားခဲသာသနာ အတွင်းရှိကျုံပျော်မြို့နယ်၊တောက်တက်ရိုးကျေးရွာတွင်၂၇၅၅ခုနှစ်ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကိုစည်ကားသိုက်မြိုက် စွာ ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကရင် အလံလွှင့်တင်ခြင်းကို နံနက်(၆)နာရီတွင် စတင်ကာ နံနက် (၈) နာရီတွင်ကရင်အမျိုးသားဦးရေထောင်ချီစုဝေးကာစစ်ကြောင်းချီတက်အလေး ပြုခဲ့ကြသည်။ ကရင်နှစ်သစ်ကူးပွဲတော်ကို ကက်သလစ်ဘာသာမှ ရှားခဲသာသနာကျောင်းထိုင်ဘုန်းတော်ကြီးဂရေဂေါ်ရီစောဒိုစိုး၊ခရစ်ယာန်ဘာသာပေါင်းစုံမှဆရာတော်နှင့်သင်းအုပ်ဆရာများ၊ဗုဒ္ဓဘာသာမှဆရာတော်များကကရင်အမျိုးသားရေးနှင့်ပတ်သက်သည့် ဩဝါဒတရားများကို ဟောပြော မိန့်ကြားခဲ့သည်။ကရင်ဒုံးယိမ်း များနှင့်လည်းဖျော်ဖြေ တင်ဆက်ခဲ့သည်။ ကရင်နှစ်သစ်ကူးအခမ်းအနားတွင်ကရင်နှစ်သစ်ကူးကျင်းပရေး ဗဟိုကော်မတီ (ရန်ကုန်)၊ကျုံပျော်မြို့နယ်ရှိကရင်စာပေနှင့်ယဉ်ကျေးမှုကျင်းပေးရေးကော်မတီ နှင့်ကရင့်အမျိုးသားအစည်းအရုံး(KNU)တို့မှပေးပို့သောသဝဏ်လွှာ များကိုဖတ်ကြားခဲ့သည်။သဝဏ်လွှာများတွင်ပါရှိသော တိုက်တွန်းချက် များ မှာ ကရင်အမျိုးသားအနေဖြင့်ရိုးသားဖြူစင်ခြင်း၊ ဖြောင့် မတ်တည်ကြည်ခြင်း၊ သစ္စာတရားကိုဦးထိပ်ထားခြင်း၊သနားကြင်နာခြင်း၊ကူညီစောင့်ရှောက် တတ်ခြင်းစသည့်ကိုယ်ကျင့်တရားများကိုထိန်းသိမ်းရန်လိုအပ်ကြောင်းတိုက်တွန်းခဲ့ပါသည်။ထို့အပြင်ကရင်စာပေနှင့်ယဉ်ကျေးမှုများကိုထိန်းသိမ်းပြီးတိုင်းရင်းသား အားလုံးစည်းလုံးညီညွတ်မှုကို အခြေခံသည့်စိတ်ဓာတ် မွေးမြူကြရန် ကရင်တိုင်းရင်းသားအချင်းချင်းရိုင်းပင်းကူညီကြရမည့်အပြင်အခြားတိုင်းရင်းသားများအပေါ်သို့လည်းရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ် မွေးမြူ ကြရန်ထပ်မံ တိုက်တွန်းခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကိုခရစ်နှစ်(၁၈၈၁)ခုနှစ်မှ စတင်၍ကရင်အမျိုးသားခေါင်ဆောင်များကဦးဆောင်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ (၁၉၃၇)ခုနှစ်၊ဇူလိုင်(၂၃)ရက်တွင်ကရင်အမျိုးသားနှစ်သစ်ကူးကျင်းပရေး ဥပဒေကြမ်းကိုလွှတ်တော်တွင်စတင်အတည် ပြုပြီးထိုမှတစ်ဆင့်ဥပဒေအက်အဖြစ်သို့ အဆင့်ဆင့် ပြောင်းလဲအတည်ပြု နိုင်ခဲ့ခြင်း ဖြစ်သည်။ထို့အပြင်ကရင်အမျိုးသားနှစ်သစ်ကူးရက်ကိုလည်းအစိုးရ၏ တရားဝင်ရုံးပိတ်ရက်၊ကျောင်းပိတ်ရက်များအဖြစ် သတ်မှတ်နိုင်ရန်အတွက် ဥပဒေ အောက်တွင် ထည့်သွင်းနိုင်ခဲ့ကာ တစ်နိုင်ငံလုံးတွင် ကရင် အမျိုးသား နှစ်သစ်ကူး နေ့ကိုနေရာအသီးသီးတွင် နှစ်စဉ်နှစ်တိုင်းစည်ကားသိုက်မြိုက်စွာ ကျင်းပနေ ကြပါသည်။ **(Pathein OSC)**

ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကိုရန်ကုန်မြို့။ စိန့်ပီတာနှင့် စိန်ပေါလ် ဘုရားကျောင်းတွင်စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ နံနက်(၆)နာရီတွင်ဆရာတော်စောယောဟန်က ကရင်အလံလွှင့်ထူပေး ကာနံနက်(၈) နာရီတွင် ကာဒီနယ်နှင့်ဆရာတော်ကြီးသုံးပါးတို့ ကရင်မစ္ဆာတရားတော် ပူဇော်ပေးခဲ့ ကြသည်။ထိုနေ့သည် သခင်ခရစ်တော် ဆေးကြောခြင်း ခံယူတော် မူသော ပွဲတော်လည်းဖြစ်သဖြင့် ကာဒီနယ်ချားစ်ဘိုက ကရင်ဘာသာနှစ်မျိုးဖြင့်
ဩဝါဒမိန့်ကြားကာနောက်ဆုံးတွင်မြန်မာဘာသာအားဖြင့်"ဒီနေ့ ခရစ်တော်ဆေးကြောခြင်းခံယူတဲ့နေ့/ပွဲဖြစ်တယ်။ ဒို့တစ်ဦးစီရဲ့ ဆေးကြောခြင်း ခံယူတာကို သတိပေး နေတယ်။ စက္ကရ မင်တူး(၇)ပါးထဲမှာ မပျောက်မပျက်တဲ့အမှတ်တံဆိပ်ပေးဆေးကြောခြင်း၊ခရစ္စမားအားပေးခြင်း၊ရဟန်းသိက္ခာဆိုတဲ့ စက္ကရမင်းတူး(၃)ပါးဖြစ်တယ်။မပျက်တဲ့တံဆိပ်ခပ်ပေးတယ်။ ဘုရားရှင်ရဲ့အမှတ်အသားတံဆိပ်ဂိုဏ်ဥထဲထုပေးတယ်။
ဘုရားကဒို့ထဲလက်မှတ်ထိုးပေးတယ်။ဘုရားနဲ့ဆိုင်တယ်။ဘုရားရဲ့သားသမီးဖြစ်တယ်။ ခမည်းတော်၊သားတော်၊ဂိုဏ်ဥနဲ့ဆိုင်တဲ့ပစ္စည်း၊ပုဂ္ဂုလ်ဖြစ်တယ်။ ဆေးကြောခြင်းခံပြီး-ဥပမာ-မူစလင်တစ်ယောက်ဖြစ် သွားတောင် ဘုရားရဲ့တံဆိပ်ရှိတယ်။ဘုရားကသစ္စာရှိတယ်။ ရဟန်းတစ်ပါး လူထွက် သွားတောင် သူဟာရဟန်းပဲဆိုတဲ့ တံဆိပ် ခပ်ထား တယ်။
လူသားများအားနည်းပြီးသစ္စာမတည်ဘူး။ဘုရားကအစဉ်သစ္စာတည်တယ်။ အစဉ်သနားတယ်။အစဉ်အခွင့်လွှတ်တယ်။ကိုယ့်ဘက်က အချစ်ကို အချစ်နဲ့တုံ့ပြန်သင့်တယ်။ဘုရားဒို့ကိုအရင်ဆုံးချစ်တယ်။ကိုယ်ကပဲဘုရားကို ချစ်နိုင်ဘို့ကြိုးစားရမယ်။ ကိုယ်ဘက် ကတုံ့ပြန်မှုဘယ်လောက်ရှိသလဲ။ ကိုယ်ဟာတန်ဖိုးရှိတယ်။ တန်ဘိုး မဲ့အလကားလူမဟုတ်ဘူး။ ဒီနေ့သခင် ခရစ်တော်ဆေးကြောခြင်းခံယူတဲ့ပွဲနေ့မှာ မေးရမဲ့မေးခွန်းက ဘုရားကိုယ့်ကို တန်ဘိုးထားသလိုကိုယ်က ထိုက်တန်အောင်နေသလား။ ကိုယ်ဟာတန်ဘိုးထားသလိုကိုယ်ကထိုက်တန်အောင်နေသလား။ ဘုရားအပေါ်သစ္စာရှိလား။ ဘုရားရဲ့သား/သမီးအစစ်ဖြစ်အောင်ကြိုးစားလား။
သခင်ယေရှုဆေးကြောခြင်းခံပြီး ရေပေါ်ကတက်လာတဲ့အခါ အထက်မိုးကောင်းကင်က ခမည်းတော်ဘုရားအသံ ကြွေကြော်ချက်က ဤသူကားငါနှစ်သက်မြတ်နိုးတဲ့ချစ်တဲ့ငါ့သားဖြစ်တယ်။ဒို့တစ်ဦးစီကိုဘုရားက ကြည့်ပြီးဤသူကငါနှစ်သက်တဲ့ငါ့ချစ်သားဤသူက ငါ့အလို လုပ်တဲ့၊ သစ္စာရှိတဲ့ငါ့ချစ် သမီးလို့ ပြောနိုင်ပဲ့မလား" ဟုမိန့် ကြားခဲ့ပါသည်။ **(cbcm-osc)**

# စိန်ဖရန်စစ်ဇေးဗီးယား သီလရှင်များ၏ မွမ်းမံသင်တန်း





နိုဝင်ဘာလ(၇ မှ ၉) ရက်၊ ၂၀၁၅ အထိ ပုသိမ်မြို့ စိန်ဖရန်စစ်ဇေးဗီးယား သီလရှင်များ၏ ကျောင်းရှင်းတွင် Renewal Course ကို ကျင်းပပြုလုပ်ရာ သင်ကြားပို့ချပေးသူမှာ Fr Amalraj (SJ) နှင့် Sr. Lucy (RGS), တို့ ဦးစီး၍ သင်တန်းပို့ချခဲ့ပါသည်။ သီလရှင်ပေါင်း (၁၄၉) ပါး တက်ရောက်ခဲ့ပါသည်။ Sr. Lucy မှ ယနေ့ခေတ်၏ စိန်ခေါ်မှုတစ်ရပ်အဖြစ် လူကုန်ကူးမှုဆန့်ကျင်ရေး အတွက် တိကျပြတ်သားသော လမ်းညွှန်မှုများဖြင့် ထိရောက်စွာ ပို့ချ ခဲ့ပါသည်။ သီလရှင်များဘက်မှလည်း စိတ်ဝင်စားစွာဖြင့် မေးခွန်းများစွာဖြင့် အပြန်အလှန်ဆွေးနွေး ပါဝင်ခဲ့ကြပါသည်။ ဆက်လက်၍ Fr Amal မှပို့ချ ရာ တွင် အသင်းဂိုဏ်း၏ အနာဂါတ်စီမံကိန်း ရေးဆွဲနိုင်ရန် လက်ရှိလုပ်ကိုင်နေသော တမန်တော်လုပ်ငန်းများနှင့် အနာဂါတ်အတွက် ပိုမိုထိရောက် သော နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် အဆိုပြုချက်များကို (၅) ပါးတစ်ဖွဲ့ ဖွဲ့စည်းကာ အဖွဲ့လိုက် တင်သွင်းဆွေးနွေးခဲ့ကြသည်။ အသင်းဂိုဏ်းအတွက် အနာဂါတ်တမန်တော်လုပ်ငန်းများကို လက်ရှိခေတ်အချိန်အခါ၏ စိန်ခေါ်မှုများ၊ တောင်းဆိုချက်များ၊ လိုအပ်ချက်များ၊ သတိမူကာ St Francis Xavier ၏ ဖွဲ့စိတ်ထက်သန်ခြင်း၊ ဆင်းရဲခြင်းစိတ်ဂိညာဉ်ဖြင့် ပေးဆက်အကောင်အထည် ဖော်သွားနိုင်ရန် အားပေးနှိုးဆော်ခဲ့သည်။ သင်တန်းအပြီးတွင် သင်တန်းသူ သီလရှင်များနှင့် အားပါးတရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။

## နစ်ပတ်လည်ဝတ်စောင့်ခြင်း

နိုဝင်ဘာလ(၁၀–၁၆)ရက်နေ့အထိပုသိမ်မြို့၊ မရမ်းချောင်းသီလရှင်ဖြစ်သင်ကျောင်းတွင် နှစ်ပတ်လည်ဝတ်စောင့်ခြင်းကိုပြုလုပ်ရာ မြောင်းမြမြို့တစ်နိုင်ငံလုံးဆိုင်ရာဓမ္မဆရာဖြစ်သင်ကျောင်းအုပ်ဘုန်းတော်ကြီးဘုန်းတော်ကြီးအဲလ်ဘတ်ဉာဏ်စိုးငြိမ်းမှတရားပေးရာသီလရှင်အပါးပေါင်း(၁၅၁)ဝတ်စောင့်ခဲ့ ကြသည်။ ဝတ်စောင့်ခြင်းအပြီးတွင်သီလရှင်ဂါ(၂၅)နှစ်ပြည့် ငွေဂျူဗလီရှင်(၄)ပါး ဖြစ်ကြသော Sr. Josephina Naw Phaw, Sr. Nora, Sr. Margarita, Sr. Bibiann တို့အား



ဂုဏ်ပြုပွဲကျင်းပခဲ့ကြသည်။ ငွေဂျူဗလီဂုဏ်ပြုပွဲ မစ္စားတရားတော် မြတ် အား (၁၇) ရက်နေ့ နံနက် (၇) နာရီတွင် Cardinal Charles Bo မှ ဦးဆောင်ကာ St. Peter Cathedral မှ ကျောင်းထိုင်ဘုန်းတော်ကြီး Msgr. Welfred မြင့်စိုးနှင့် ပုသိမ် သာသနာ မှ ရဟန်းတော်များ အတူတကွ ပါဝင် ပူဇော်ပေးခဲ့ကြသည်။ ထိုဂျူဗလီရှင် (၄) ပါး၏ သာသနာနယ်များဖြစ်သော ဝေးလံ၍မဖွံ့ဖြိုး သေး သောနေရာဒေသများမှဘာသာကွဲမိတ်ဆွေများကျေးဇူး ရှင်ရပ်မိရပ်ဖများ ဆွေမျိုးသားချင်းများလည်းသီလရှင်များအတွက်ဘုရားရှင် အား ကျေးဇူးတင် ဂုဏ်ပြုရန် လာရောက်ပါဝင် ဆုတောင်းပေး ခဲ့ကြသည်။



မြစ်ကြီးနားနှင့် ဗန်းမော်ရှိ သီလရှင်များ၏ မွမ်းမံသင်တန်းကို ၂၀၁၅ နိုဝင်ဘာ (၂၄-၂၆) ရက်နေ့များတွင် ကျင်းပပြုလုပ်ရာ Sr. John Paul မှ သင်တန်းပေး ပို့ချ ခဲ့ပြီး နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို (၂၀၁၅) နိုင်ဝင်ဘာ(၂၇)ရက်နေ့မှ ဒီဇင်ဘာ(၁)ရက်နေ့ထိ အင်ဂျန်ဒုံသီလရှင်ကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပြီး သီလရှင်အပါးပေါင်း(၆၅)ပါးဝတ်စောင့် ခဲ့ကြသည်။ ထိုဝတ်စောင့်ပွဲတွင် တရား ပေးရဟန်းတော်မှာ ကျိုင်းတုံသာသနာမှ ဘုန်းတော်ကြီး စတီးဖင်အားနိ ဖြစ်ပါသည်။ (Sr.Ann Teresa, sfx)

## ဘုရားဖိမ္မာန်တော်သစ်

(ဖယ်ခုံသာသနာ)




ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာ မိုးပြဲတိုက်နယ်ဗဟိုတွင် နှစ်သစ်ကူး ပွဲတော်နှင့်တိုက်နယ်ဗဟိုရှိဘုရား၏သန့်ရှင်းသောမယ်တော်ဘုရားရှိခိုးကျောင်းပွဲတော်ကို(၁.၁.၂၀၁၆)ရက်နေ့တွင်စည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။ 'ဒီနှစ် ဘုရားကျောင်းပွဲနှင့် နှစ်သစ်ကူးပွဲတော်ကို ခါတိုင်းနှစ်ထက် ပိုစည်ကားအောင်ကျင်းပစေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပွဲတော် ဟာဘာသာခြားတွေအတွက်အားကျပါဝင်ချင်တဲ့ပွဲတော်တစ်ခုအဖြစ်ကျင်းပပေးရင်း ဧဝံဂေလိသတင်းကောင်းကိုလည်း ဖြန့်ဝေစေခဲ့ပါတယ်' လို့ ကျောင်းထိုင် ဘုန်းတော်ကြီး Anicheto Dereh ကပြောကြားသွားခဲ့ပါတယ်။ အားကစားနှင့် အကပြိုင်ပွဲတာဝန်ခံလက်ထောက်ဘုန်းတော်ကြီး Fr. Vicenzo Acho က' အားကစားမှာ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကက်သလစ်လုပ်ငန်း (ဖခင်အသင်း)ဘောလုံးပြိုင်ပွဲ၊ သူငယ်တော်ယေရှူး ဘောလုံးပြိုင်ပွဲ နှင့် မိန်းကလေးဘောလုံးပြိုင်ပွဲကို ရပ်ကွက်အလိုက်ပြိုင်စေခဲ့ပါတယ်။ အကပြိုင်ပွဲ ကို ၂၉.၁၂.၂၀၁၅ ရက်နေ့ညတွင် ရပ်ကွက်/ ကျေးရွာအလိုက် သူငယ်တော်ယေရှူးအသင်းအကပြိုင်ပွဲ၊ ၃၀.၁၂.၂၀၁၅ ရက်နေ့ညတွင် ရပ်ကွက်/ ကျေးရွာအလိုက် သံတာအားနာအသင်း (မိခင်အသင်း) အကပြိုင်ပွဲ၊ ၃၁.၁၂.၂၀၁၅ ရက်နေ့တွင် ရပ်ကွက်/ ကျေးရွာအလိုက် လူငယ်မောင်မယ်များအကပြိုင်ပွဲ ကိုကျင်းပခဲ့ကြပါတယ်။ လူငယ်အကပြိုင်ပွဲညတွင် ဗုဒ္ဓဘာသာဝင်ကျေးရွာ / ရပ်ကွက်မှ လူငယ်မောင်မယ်များလည်း လာရောက်ယှဉ်ပြိုင်ကပြစေခဲ့ပါတယ်'လို့မြွက်ကြားတော်မူခဲ့ပါသည်။ (၁.၁.၂၀၁၆) ရက်နေ့နံနက် (၇း၀၀)နာရီ မစ္ဆားတရားတော်တွင် ဆရာတော်ဘုရား ပီတာလှ မှ အမေ့ရင်ခွင်မှာခိုလှုံသောသူတိုင်းသည် ငြိမ်းချမ်း ကြသလို မယ်တော်ရင်ခွင်မှာခိုလှုံရင်း နှစ်သစ်ခရီးကို အစပြုကြပါစို့ဟု အစ ချီပြီး သနားကြင်နာခြင်း ဂျူဗီလီနှစ် တရားတော်ကိုဟောပြောတော်မူ ခဲ့ ပါသည်။ မစ္ဆားအပြီးတွင် ရဟန်း၊ သီလရှင်၊ ဘာသာရေးလူကြီးများ၊ ဘာသာခြား ညီအစ်ကိုများ နှင့် အစိုးရဌာနဆိုင်ရာအသီးသီးများမှ နှစ်သစ် မိတ်ဆုံစားပွဲကို ကျင်းပခဲ့ကြပါသည်။ 'နေ့တွင်အားကစားပွဲအချိန်ပြည့် ရှိပြီး ညတွင် အကနှင့်ဖျော်ဖြေပွဲရှိနေတော့ ဘုရားကျောင်းပိုင်းထဲတွင်လူတွေ စည်ကားစွာ ရှိနေပါတယ်။ လူတွေနဲ့ အချိန်ပြည့် ပြည့်နေပေမယ့် ပြဿနာ တစ်စုံတစ်ခုမှ မဖြစ်ပဲ စည်းကမ်း ရှိစွာလာ ရောက်အားပေးကြတဲ့ မိုးပြဲမြို့မှ ဘာသူတူများ နှင့် ဘာသာခြားညီအစ်ကိုများကိုတွေ့ရတော့ နှစ်သစ်ရဲ့ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှုကို အပြည့်အဝပေးတဲ့နှစ်တစနှစ်လို့ခံစားမိပါတယ်' ဟုလူငယ်ဥက္ကဌ ခူးဒေးဗစ်က ပြောဆိုခဲ့ပါတယ်။ **(Pekhon OSC)**

## ဘုရားဗိမ္မာန်တော်သစ်

(လားရှိုးသာသနာ)



လားရှိုးသာသနာ၊သီပေါမြို့၊ စံလောင်းတိုက်နယ်၊ မိုင်းနင်ကျေးရွာတွင် ကက်သလစ်ဘုရားရှိခိုးကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်ကာ ဘုရားသခင်ထံအပ်နှံခဲ့ကြသည်။ (၂၀၁၅) ဒီဇင်ဘာလ(၃၁)ည(၅း၀၀နာရီ မှ ၁၁း၀၀နာရီ)အထိ ဖျော်ဖြေရေးအစီအစဉ်နှင့် (၁.၁.၂၀၁၆) ရက်နေ့ (၉း၀၀) နာရီတွင် ဘုရားကျောင်းသစ်ဖွင့်ကောင်းချီးပေးဖဲကြိုးဖြတ်ခြင်းနှင့်မစ္ဆားတရားတော်မြတ်ပူဇော်ခြင်းကို ဘုန်းတော်ကြီးဂျိုးဇက်သိန်းအောင်မှဦးဆောင်ပူဇော်ပေးပါသည်။ဘုရားကျောင်းသစ်မစ္ဆားဖွင့်ပွဲမစ္ဆားပူဇော်ခြင်းတွင် ရဟန်း(၈)ပါး၊ သီလရှင်(၅)ပါးနှင့် ဘာသာဝင်ပရိတ်သတ်(၄၀၀) ခန့်ပါဝင်တက်ရောက်ပြီး မိုင်းနင်ကျေးရွာပတ်ဝန်းကျင်ရှိညီအစ်ကို ရှမ်း၊ပလောင်၊ဗုဒ္ဓဘာသာဝင်တိုင်းရင်းစသားများလည်းပါဝင်တက်ရောက်ကာအလှူငွေဆက်ကပ်ခြင်း၊ အကပဒေသာများဖြင့် ပါဝင်ခဲ့ကြပါသည်။ စိန်သြဂုတ်စတင်းဘုရားကျောင်းငယ်လေးဖြစ်ပေါ်လာပုံသမိုင်းမှာဘုန်းတော်ကြီးပေါလ်ဇော်ဆမ်လက်ထက်မှစတင်ပြီးဘုန်းတော်ကြီးခင်မောင်ကျော် မှ ဆက်လက်တာဝန်ယူကာဘုန်းတော်ကြီးဆမ်ကမ်းက (၂၀၁၅)တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းသိရှိရပါသည်။ဤဘုရားကျောင်းငယ်လေးကို ဘာသာဝင်အိမ်ခြေ(၈)ခုမှကိုယ်ထူကိုယ်ထကြိုးစားပြီးဆောက်လုပ်ရခြင်းကြောင့်အချိန်ကာလကြာမြင့်ခဲ့သော်လည်း ဘုရားကျောင်း ဆောက်လုပ်ပြီးစီးချိန်တွင်ဘာသာဝင်အိမ်ခြေပေါင်း(၂၄)အိမ်အထိတိုးတက်များပြားကြောင်းတွေ့ရှိရပါသည်။ထို့အပြင်ရပ်ရွာတွင်လူမျိုး၊ဘာသာခွဲခြားခြင်းမရှိပဲစည်းလုံးခြင်းနှင့်ငြိမ်းချမ်းခြင်းတို့ကိုပေါ်လွင်စေကြောင်း ကျောင်းထိုင်ဘုန်းတော်ကြီးမှ မိန့်ကြား ခဲ့ပါသည်။ **(LSO-OSC)**

## ဟားခါးမြို့တွင်သာသနာလုံးဆိုင်ရာအစည်းအဝေးကျင်းပမည်

ချင်းပြည်နယ်၊ဟားခါးမြို့ဆရာတော်ကျောင်းတိုက်တွင်သာသနာလုံးဆိုင်ရာဖုံတာဝန်ခံဘုန်းတော်ကြီးများနှင့်ဘဏ္ဍာရေးအဖွဲ့၏အစည်းအဝေးကို လာမည့် (၂၀)ရက်နေ့တွင်စတင်မည်ဖြစ်ကြောင်း၊ ၎င်းအစည်းအဝေးတွင်ဆရာတော်ကိုယ်တိုင် ပါဝင်ဦးဆောင်မည်ဖြစ်ကြောင်း တာဝန်ရှိသူဘုန်းတော်ကြီး Emanuel uk ၏ ပြောဆို ချက်အရသိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင်ပြီးခဲ့သော(၂၀၁၅)ခုနှစ်၏ဘဏ္ဍာရေးကိစ္စနှင့်စီရင်စုတိုင်းတွင်ကောက်ခံရရှိခဲ့သောဆယ်ဖို့တစ်ဖို့မှရငွေစာရင်းများကို သက်ဆိုင်ရာဘုန်းတော်ကြီးထံအပ်နှံမည်ဖြစ်ပြီးအဆိုပါမည်ကဲ့သို့အသုံးပြုမည်ကိုဆွေးနွေးကြမည်ဟုကြားသိရပါသည်။ *(Sr. Theresalay)*

## အာရှသမ္မာတရားအသံလွှင့်ဌာန (RVA)မြန်မာဘာသာ အစီအစဉ်၏ သောတရှင်များတွေ့ဆုံပွဲ

မြန်မာဘာသာသောတရှင်များတွေ့ဆုံပွဲ(မန္တလေး)



အာရှသမ္မာတရားအသံလွှင့်ဌာန မြန်မာဘာသာအစီအစဉ် သောတရှင်များ တွေ့ဆုံပွဲကို(၃၊၁၊၂၀၁၆)ရက်နေ့က စိန့်ဂျိုးဇက်လဖုန်းဘုရားကျောင်း ၈၀၊ ၃၄နှင့်၃၅လမ်းကြား၊ မန္တလေးမြို့တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုတွေ့ဆုံပွဲသို့ မန္တလေးကက်သလစ်သာသနာမှ ဂိုဏ်းချုပ်ဆရာတော်ကြီးနီကောလားစ် မန့်ထန်း၊ ဘုန်းဘုန်းထွန်းမြင့်၊ ဘုန်းဘုန်းမြတ်ကြိုင်၊ ဘုန်းဘုန်း ဘရန်မိုင် ဘုန်းဘုန်း ဂြိုဟ်တု၊ ဘုန်းဘုန်းစိုးတင့်၊ ဘုန်းဘုန်းလေအို၊ သီလရှင်များနှင့် အနယ်နယ်အရပ်ရပ်မှသောတရှင်(၃၂၆)ယောက်ကျော်တက်ရောက် ခဲ့သည်။

အခမ်းအနားအစတွင်မိမိကိုးကွယ်ရာဘာသာအလိုက် မေတ္တာပို့ ဆုတောင်း ခဲ့ကြပါသည်။ ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ်မန့်ထန်းမှ အားပေး စကား ပြောကြားရာတွင် ခေတ်ကြီးလေးပါနှင့်အညီ လူသားများပြုကျင့်သလို သခင်ယေဇူးဟာလည်း လူအဖြစ်ကိုယူတော်မူခဲ့ကြောင်း၊ ဆက်သွယ်ရေးဟာ အရေးကြီးကြောင်း၊ အာရှသမ္မာတရား အသံလွှင့်ဌာနဟာလည်း လူသားများ အတွက်တနည်းတဖုံအားဖြင့် ပေါင်းကူးဆောင်ရွက် ပေးနေသည့် ဌာနတစ်ခု ဖြစ်သည့် အတွက် ဝမ်းသာကြောင်းကို မိန့်ကြားတော်မူခဲ့ပါသည် ။

ဘုန်းဘုန်ထွန်းမြင့်မှအမှာစကားပြောကြားရာတွင်သောတရှင်များတွေ့ဆုံ ပွဲ၏ အဓိကရည်ရွယ်ချက်မှာသောတရှင်များ၏အကြံဉာဏ်၊တုံ့ပြန်ချက်များကိုကြား လိုသည့်အတွက်ဖြစ်ကြောင်းနောက်သုံးလေးနှစ်အတွင်း ရေဒီယိုကိုဖျက်သိမ်း ကာအွန်လိုင်းကိုသာအသုံးပြုသွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်း ပြောကြား ခဲ့ပါသည်။ ဘုန်းဘုန်းမြတ်ကြိုင်မှလည်း စကားအနည်းငယ်ပြောကြားခဲ့ပြီး အင်တာနက် messenger, viber, face book, phone တို့ ဖြင့် ဆက်သွယ် လာသူများအားဆုအသီးသီးချီးမြှင့်ပေးခဲ့ပါသည်။အာဗီအေပဟေဠိ အစီအစဉ် တွင် ကိုကျော်စိုးဝင်းချစ်မှ ဆုရရှိသွားပါသည်။

ထို့နောက်မန္တလေးဗဟိုအကျိုးတော်ဆောင်ရုံးမှ ဘုန်းဘုန်းဘရန်မိုင်မှ RVA အသံလွှင့်အစီအစဉ်များကိုInternetမှဖမ်းယူနားဆင်ပုံအား အကျယ်တဝန်း ရှင်းလင်းပြသခဲ့ပါသည်။ကြွရောက်လာသောသောတရှင်များအား mobile ဖုန်း မဲနှိုက်ခြင်းအစီစဉ်အားပြုလုပ်ပေးခဲ့ပါသည်။ သောတရှင်တဦးမှ လည်း ယခုလိုကျင်းပပြုလုပ်ပေးသည့်အတွက်ကျေးဇူးတင်ကြောင်း ဗဟုသုတများစွာ ရရှိခဲ့ကြောင်းဝမ်းသာကြောင်းတို့ကိုပြောပြခဲ့ပါသည်။ မန္တလေးအကျိုးတော် ဆောင် ရုံးမှ တာဝန်ခံ sr.စေးဖောက ကျေးဇူးတင်စကား ပြောကြားကာ အစီအစဉ်ကိုအောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ *ပင်ကီ(၃.၁.၂၀၁၅) R.V.A*

မြန်မာဘာသာသောတရှင်များတွေ့ဆုံပွဲ (ရန်ကုန်)



အာရှသမ္မာတရားအသံလွှင့်ဌာန (RVA)မြန်မာဘာသာ အစီအစဉ်၏ ဝန်ထမ်းများနှင့် သောတရှင်များတွေ့ဆုံပွဲကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဆရာတော်ကျောင်းတိုက်၌ (၉.၁.၂၀၁၆) စနေနေ့ မနက် (၉)နာရီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။အခမ်းအနားသို့ ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘိုလည်းတက်ရောက်ခဲ့ပါသည်။ အခမ်းအနားတွင် ဆရာတော်ကြီးမှ မိန့်ခွန်းပြောကြားရာတွင် "ဆရာတော်ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့မိခင်ဒေါ်ခင်ကြည်ရဲ့(၂၇)နှစ်မြောက်အောက် မေ့ဘွယ် အခမ်းအနားမှာ(၁၅)မိနစ်ခန့်စကားပြောခိုင်းတယ်။ အဲ့ဒီအတွက် ဆရာတော်ကဒေါ်ခင်ကြည်ရဲ့အကြောင်းကိုပြောဘို့RVAရဲ့အကူအညီကို ရယူခဲ့ရတယ်။ဘယ်လိုရယူခဲ့ရလည်းဆိုတော့RVAရဲ့ထုတ်လွှင့်ချက်တစ်ခု ဖြစ်တဲ့ စာရေးဆရာကြီး ဦးဖုန်း (ဓါတု)ရဲ့ အာဇာနည်နေ့မှာ ရေးသားခဲ့တဲ့ စာသားများကို online ကနေရယူပြီးတော့ အသုံးပြုခဲ့ရတယ် "ဟု ပြော ကြား ခဲ့ပါ သည်။ထို့ကြောင့်ဆရာတော် ဘုရားမှ RVA ကိုနားထောင်ခြင်း ဖြင့် တစ်ပါး သူရဲ့character formationများကိုရယူနိုင်ကြောင်း၊မီဒီယာကို အကျိုး ရှိစွာ အသုံးပြုခြင်းဖြင့် ကောင်းမွန်တဲ့အကျိုးရလဒ်ကောင်းများ ရရှိနိုင်သည့် အတွက် အသုံးပြုကြရန်တိုက်တွန်းလို ကြောင်း အားပေး စကား ခဲ့ပါသည်။ ထို့နောက် RVA အစီအစဉ်၏ တာဝန်ခံ ဘုန်းတော် ကြီးဂါဗြီအဲလ်ထွန်းမြင့် မှလည်းကောင်း၊ဘုန်းတော်ကြီး ပေါ်လီနူး(စ်) မြတ်ကြိုင် (RVA မြန်မာ ဘာသာအစီအစဉ်၏ ထုတ်လွှင်ခြင်းတာဝန်ခံ) မှလည်းကောင်း၊ ဘုန်းတော်ကြီး ဟင်နရီဘရန်မိုင် (RVA၏လက်ထောက် ညွှန်ကြား ရေးမှူး) မှလည်းကောင်း၊ ဘုန်းတော်ကြီး လီအိုမန် တို့မှ လည်းကောင်း မိမိတို့၏ သက်ဆိုင်ရာကဏ္ဍ အသီးသီးအကြောင်းများကို ရှင်းလင်းပြောပြ ခဲ့ကြပါသည်။ RVA ၏ဝန်ထမ်းများ မှလည်း သောတ ရှင် များအားလုံးကို လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည့်အပြင် လက်ကိုင် ဖုန်း နှင့် ရေဒီယို များကိုလည်း မဲဖောက် ပေးခဲ့ပါသည်။

နောက်ဆုံးတွင် သောတရှင်များ၏ ရင်တွင်းဖြစ်စကားများကို ပြောကြား ရာ၌ သောတရှင်တစ်ဦးမှ "ပြောင်းလဲချိန်တန် ပြီဆိုတဲ့စကားအတိုင်း ရေဒီယိုမှတစ်ဆင့်သူ့ထက်ကောင်းမွန်တဲ့ အင်တာနက်မိုဘိုင်း ပြောင်းသုံး မယ်ဆိုရင် အကောင်းဘက် ကိုယူဆောင်လာတယ်လို့တွေးပါတယ်။ ရေဒီယိုကို စွန့်လွှတ်ရမှာကိုတော့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ခေတ်နှင့် အညီ ပြောင်းလဲမှုကိုလက်ခံပါတယ်"ဟု ပြောပြခဲ့ပါသည်။ အခမ်းအနားသို့ သောတရှင်(၆၀)ကျော်တက်ရောက်ပါဝင်ခဲ့ပါသည်။ (CBCM-OSC)

## သတင်းစာပညာရက်တိုသင်တန်းပို့ချ

(ကလေးသာသနာ)

စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့သဇင်ရပ်ကွက်(၆) ကက်သလစ်သာသနာဆရာတော်ကျောင်းတိုက်တွင်ဇန်နဝါရီ(၄)ရက်မှ(၉)ရက်နေ့အထိ သတင်းစာပညာရက်တိုသင်တန်း ပြုလုပ်ကြောင်းကလေးကက်သလစ် သာသနာ လူထုဆက်သွယ်ရေးကော်မရှင်တာဝန်ခံဘုန်းတော်ကြီး ဖါသာရ်ဂျိုးဇက်ထံမှသိရှိရသည်။ "ကျွန်တော်တို့ ကလေးကက်သလစ်သာသနာအနေနှင့်၂၀၁၆-ခုနှစ်ဧပြီလကစ'Fiat"အမည်နှင့်စာစောင်ထုတ်ဝေရန်အစီအစဉ်ရှိလို့အခုလိုသတင်းစာပညာသင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်"ဟုကျောင်းထိုင်ဘုန်းတော်ကြီး ဖါသာရ်ဂျိုးဇက်ကပြောပါသည်။

၎င်းသင်တန်းကို ရွှေမြစ်မခ အမျိုးသမီးမဂ္ဂဇင်း၏ အမှုဆောင်အရာရှိချုပ် ဒေါ်မေသကြိုန်ဟိန်နှင့်အယ်ဒီတာချုပ်ဦးအေးချမ်းဟိန်တို့က ပို့ချပေးပါသည်။ သင်တန်းသားများမှာကလေးကက်သလစ်သာသနာအတွင်းရှိကလေး၊ တမူး၊ တီးတိန်၊တွန်းဇံနှင့်ခမ်းပတ်မြို့နယ်များမှကက်သလစ် ဘာသာတူ(၃၀) တက်ရောက်ပြီး၎င်းတို့အနက် ကက်သလစ်သီလရှင်(၇)ပါးတက်ရောက်ကြောင်းသိရှိရပါသည် "ကျွန်တော်ဒီသင်တန်းတက်ရတာ အကျိုးရှိပါတယ်။ ပို့ချပေးတဲ့ဆရာမဒေါ်မေသကြိုန်ဟိန်ဆိုရင် မီဒီယာ လုပ်ငန်းမှာအတွေ့အကြုံရှိပြီး ဂါရင့်သတင်းထောက်တစ်ယောက်ဖြစ်လို့ ရှင်းပြတဲ့အခါ နားလည်သဘောပေါက်လွယ်တယ်။ဒီသင်တန်းတက်ပြီးရင်ကလေးသာသနာ မှထုတ်ဝေမယ့် Fiat စာစောင်မှသတင်းစာမူများရေးသားပေးပို့နိုင်ပြီ"ဟုသင်တန်းတက်ရောက်သူဆရာခိုင်ကပြောပါသည်။ *(ဆရာထန်-ကလေး)*

## ကလေးမြို့ရှိသာသနာကျောင်းများထဲမှအဆင့်မြင့်မူကြိုကျောင်း

ကလေးမြို့ရှိသာသနာကျောင်းများထဲမှအဆင့်မြင့်မူကြိုကျောင်းကို (၂၀၁၆) ခုနှစ်(၅) လပိုင်းတွင်စိန်ပီတာ နှင့်စိန်ပေါလ် ဘုရားကျောင်း ဝန်းထဲ၌ မူကြိုကျောင်းစတင်ဖွင့်လှစ်မည်ဟု ကျောင်းထိုင်ဘုန်းကြီး Fr.Robert က ပြောကြား ခဲ့ပါသည်။

ထိုပြင်မူကြိုကလေးများဘက်စုံ ဖွင့်ဖြိုးရန်အတွက် အသိပညာဆိုင်ရာဗဟုသုတများ၊ English Basic များ ကလေးများ၏ ဉာဏ်ရည်ဉာဏ် သွေးမြင့်မားစေရန်တီထွင် ကစားနည်းများ၊ကဗျာများ၊သီချင်းများကို သင်ကြားပေးမည် ဟုသိရပါသည်။

ထို့ပြင်အက္ခရာစာများရေးသားပုံများ ကိုကလေးတစ်ဦးချင်းစီစိတ်ရှည်စွာဖြင့်စနစ်တကျသင်ကြားပေးမည်ဟုFr.Robertကပြောကြားခဲ့ပါသည်။ ကလေးများ၏ကြိုစားမှုပေါ်တွင် ၎င်းဉာဏ်ရည်မမှီသော်ကလေးများသေချာစွာ သင်ကြားပေးမည်ဟု Servite Sisters များနှင့် ဆရာမ များပြော ကြား ခဲ့ပါသည်။ အဆိုပါမူကြိုကျောင်းကို ဆင်းရဲချမ်းသာမရွေးနှင့် ကလေးများဦးရေ (၅၀) ကျော်တက်ရောက်နိုင်ရန်အခမဲ့ သင်ကြားပေးမည် ဟုသိရပါသည်။

***(Sr. Julia O.S.M)***

## (၃၉) ကြိမ်မြောက်တာဟန်းလုဒ် မယ်တော်သခင်မပွဲ

ကလေးသာသနာ၊ကလေးမြို့၊တာဟန်းစီရင်စု၏ လုဒ်မယ်တော်သခင်မပွဲကိုလာမည့် ၂၀၁၆ ခုနှစ် ဖေဖေါ်ဝါရီလ(၁၄)ရက်နေ့တွင် တာဟန်းစိန်ထရေဇာဘုရားကျောင်း၌ ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်းကျောင်းထိုင် Fr.John Khup ထံမှ သတင်းရရှိပါသည်။ အဆိုပါမယ်တော်ပွဲသို့ ကလေးသာသနာအတွင်းရှိစီရင်စုအသီးသီးမှဘာသာတူများကိုဖိတ်ကြားထားကြောင်း၊ဧည့်သည်များကိုအလှူရှင်များလှူဒါန်းသောမယ်တော့် ထမင်းထုတ်များနှင့် ဧည့်ခံကျွေးမွေးပြီးဒီနှစ်အတွက်အလှူရှင်မပေါ်သေးသဖြင့်အလှူရှင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း တာဝန်ခံဓမ္မဆရာ စတီဖင်ထန် ထံမှသိရှိရ သည်။

ဤပွဲကို (၁၉၇၇)ခုနှစ်မှစတင်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ယခင်နှစ်များတွင် တီးတိန်၊ ဇန်းသဲ့ စသည့် တောင်ပေါ်ဒေသများနှင့် ကလေးနယ်တပိုက်ရှိ ရွာ(၂၀)ဝန်းကျင်မှဘုရားဖူးလာလေ့ရှိကြောင်းဖူးမြော်ခြင်းများပြုလုပ်ပြီးညနေပိုင်းတွင် မယ်တော်လှည့်ခြင်း၊ကွာယာပြိုင်ပွဲများ၊ တရားဒေသနာဟောကြားခြင်း၊ စတိတ်ရှိုးများပြုလုပ် လေ့ရှိကြောင်း သိရသည်။(June Rose)

## ပထမဆုံးသောယက္ကန်းသင်တန်းဖွင့်လှစ်ခြင်း

ကလေးမြို့မှ(၁၃)မိုင်ခန့်ဝေးသော မိုင်နွဲကျေးရွာတွင် KMSS-Kalay ရုံး၏ ဦးဆောင်မှုဖြင့်ယက္ကန်းသင်တန်းတစ်ခုကို ယမန်နေ့(၆-၁-၂၀၁၆) ကစတင် ဖွင့်လှစ်ကြောင်း၊KMSS-Kalayဒါရိုက်တာဦးဂျိမ်းစ်ထန်လျခိုင်ကိုယ်တိုင်ကြည့်ရှုအားပေးကြောင်း၊KMSS-Kalayရုံးမှတာဝန်ရှိသူ၊ ဦးဂျွန်ကျင့်လမ်းထန်(စီမံကိန်းမန်နေဂျာ)မှ ပြောကြားခဲ့ပါသည်။ ဦးကျင့်လမ်းထန်မှဆက်လက်ပြောပြသည်မှာဤကဲ့သို့သောယက္ကန်းသင်တန်းမျိုး၊ ယခင်ကမဖွင့်လှစ် ခဲ့ဘူးသေးကြောင်း၊ အခုဖွင့်လှစ်မည့်သင်တန်းတွင် တက်ရောက်မည့် သင်တန်းသူ များမှာမိုနွဲကျေးရွာနှင့်အနီးအနားရှိပြည်တော်သာနှင့်ချမ်းသာကြီးကျေးရွာ (၃)ရွာတို့မှဖြစ်ပြီး၊ကာသိုလိပ်ဘာသာမရွေး)ဖြစ်ကြောင်း၊သင်တန်းကို (၇-၁-၂၀၁၆) နေ့မှစတင်ပို့ချမည်ဖြစ်ကြောင်း၊စုစုပေါင်းသင်တန်းကာလ(၃)လကြာမည်ဖြစ်ကြောင်းသိရှိရသည်။

ပို့ချမည့်ဆရာမမှာလည်း ယက္ကန်းလုပ်ငန်းဖြင့်၊အသက်မွေးသူကျွမ်းကျင်သူဒေသခံဖြစ်ပြီး၊ယခုပထမအသုပ်အဖြစ်၁၂ဦးပို့ချကာ၊ ၎င်းတို့ပြီးဆုံးသွားသည့်အခါ ဒုတိယအသုပ်အဖြစ်(၁၂)ဦးနှင့် တတိယအသုတ်(၁၂)ဦးတို့ကိုလည်းဆက်လက်ပို့ချမည်ဖြစ်ကြောင်းသိရှိရသည်။သင်တန်းသူများသည် သင်တန်းပြီးဆုံးသည့်အခါ မိမိရထားသောယက္ကန်းပညာကိုအခြားမတတ်သေး သောအမျိုးသမီးများအား၊ ဆင့်ပွားပို့ချမည်ဟုသိရသည်။ သင်တန်းသူများကိုအပ်ချုပ်စက်တစ်လုံးနှင့်အခြားလိုအပ်သောပစ္စည်းများကို အပိုင်ပေးခြင်းဖြင့်ပံ့ပိုးခြင်းဖြစ်ကြောင်း၊အကျယ်တဝင့်ရှင်းလင်းပါသည်။

KMSS-Kalay ဒါရိုက်တာဦးဂျိမ်းစ်ထန်လျန်းခိုင်မှ ရှင်းပြရာတွင် ဤသို့သောယက္ကန်းသင်တန်းမျိုးပေးရသည့်ရည်ရွယ်ချက်မှာလည်း ကျေးရွာများရှိ ဝင်ငွေမရှိသော အလုပ်လက်မဲ့ အမျိုးသမီးများအတွက်ရည်ရွယ်ခြင်းဖြစ် ကြောင်း၊ စီမံကိန်းမှာလည်း" ယက္ကန်းလုပ်ငန်းလုပ်ကိုင်ခြင်းအားဖြင့် အမျိုးသမီးများ၏ဘဝမြှင့်တင်ရေး Empewerment of women through weaving) "ပင်ဖြစ်ပါကြောင်း ဤစီမံကိန်းအတွက် ထောက်ပံ့ကူညီသော အလှူရှင် နိုင်ငံမှာ ၊ဥရောပ တိုက်ရှိ Austriaဖြစ်ပြီး၊ DKA(Caritas Austria)အဖွဲ့အစည်း ဖြစ်ကြောင်းကိုလည်း ရှင်းပြပါသည်။ ***(Damian Mang Tung Thang)***

## မိသားစုရေးရာတစ်နှစ်တစ်ခါဆုံဆည်းရာ ဆွေးနွေးပွဲ



ကက်လသစ်ဆရာတော်ကြီးများဆိုင်ရာ မိသားစုကော်မရှင်၏ တာဝန်ခံ Fr.Victor Nyan Myint ဦးစီး၍ မြန်မာပြည်လုံးဆိုင်ရာ ကက်သလစ် မိသားစု ဆွေးနွေးပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်းရှိ စိန့်ဂျိုးဇက် သီလရှင် ကျောင်း၌ ၁၁.၁.၂၀၁၆ မှ ၁၂.၁.၂၀၁၆ ၊ နံနက် (၉)နာရီမှ ညနေ (၄)ထိ (၂) ရက်ဆက်တိုက် ကျင်းပခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် Fr .Joseph Maung Win၊ Fr. Joseph Thein Aung ၊ Fr. Hyginus Myint Soe တို့မှ မျိုးစောင့်ဥပဒေ ဆိုင်ရာအချက်များကို ဆွေးနွေးတင်ပြခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်လာသူများမှလည်း သိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ပါသည်။ မြန်မာပြည်လုံးဆိုင်ရာ ကက်သလစ်မိသားစု၏ (၂)ရက်တာဆွေးနွေးပွဲ၏ အနှစ်ချုပ်မှာ -

(၁) မျိုးစောင့်ဥပဒေ နှင့်ပတ်သက်ပြီး အခြားဘာသာဝင် အမျိုးသမီး (Catholic) များ တန်းတူအခွင့်အရေးရရှိရန်

(၂) ကက်သလစ်အသင်းတော်အတွင်းရှိ ဘာသာသူများအား အသိပညာပေးရန်၊ အမြင်ဖွင့်သင်တန်းများ ပို့ချပေးရန်

(၃) အသင်းတော်၏ ကာနွန်ဥပဒေကို ဥပဒေနားလည်တတ်ကျွမ်းသူများ အဖွဲ့ဖွဲ့စည်း၍ မျိုးစောင့်ဥပဒေ နှင့် ပက်သက်၍ ကက်သလစ်အသင်းတော် အတွက် CBCM မှ လွှတ်တော်အထိ ထိထိရောက်ရောက် တင်ပြနိုင်ရန်။

(၄) ဘာသာခြားများနှင့် ရင်းနှီးမှုတည်ဆောက်ပြီး Peace ၊ Justic unity အသိအမြင်ဖလှယ်ရန် ဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် မိသားစုရေးရာကော်မရှင်၏ နာယက Bp.Lucius Hre Kung မှ တက်ရောက်လာသူများကို အားပေးစကားပြောကြားကာ၊ Fr.Chit Thein မှ အပိတ် ဆုတောင်းဖြင့်ပေးခဲ့ကြပါသည်။ မြန်မာပြည်လုံးဆိုင်ရာကက်သလစ်မိသားစုဆွေးနွေးပွဲ သို့ မိသားစု နာယက ဆရာတော် Lucius Hre Kung ၊ ဘုန်းတော်ကြီးများ ၊ စစ္စတာ နှင့် အဖွဲ့ဝင်ဘာသာတူများ၊ စုစုပေါင်း (၂၈)ယောက်တတ်ရောက်ခဲ့ကြကာ နောက်တစ်ကြိမ်အစည်းအဝေးကို ဇန်နဝါရီ ၂၀၁၇ တွင်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ **(CBCM-OSC)**

## လုဒ်မယ်တော်ဂူ ဖွင့်ပွဲ




မြစ်ကြီးနားဘုန်းတော်ကြီးတပိုင်နယ်နန်းကွေ့ကျေးရွာတွင်လုဒ်မယ်တော်ဂူအသစ်ဖွင့်ပွဲ ပြုလုပ်ခဲ့သည်။ တာဝန်ခံ ဘုန်းတော်ကြီး ဖာသာရ် ဒေါက်တာပီတာ ခါးအောင်တူး အမှူးပြု၍ ဇန်နဝါရီလ ၇ ရက်နေ့ တွင် ကောင်းချီးပေးဖွင့်လှစ်ခဲ့သည်။ ၎င်းလုဒ်မယ်တော်ဂူကို အလှူရှင် ဒေါ်လဇိန်ထုဘူနှင့် သီးသန့် အလှူရှင် (၃) ဦးမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့ (ချစ်သူများနေ့) တွင် စတင်အုတ်မြစ်ချခဲ့ပြီး ဘာသာဝင်များ၏ ပိုင်းဝန်း ဆောင်ရွက်ခြင်းကြောင့် တစ်နှစ်အတွင်း ဆောက်လုပ် ပြီးစီး ခဲ့ကြောင်း သင်းထောက်ဆရာဦးဂျာလ က ကက်သလစ်မီဒီယာသို့ ဖြေကြား ခဲ့သည်။ “မယ်တော်ဂူ ဆောက်လုပ်လှူဒါန်းဖို့ အရင်က တည်းကစိတ်ပြင်းပြခဲ့ပါတယ်။ ဒါပေမယ့်အဆင်မပြေခဲ့ဘူး။ တာဝန်ခံ ဓမ္မဆရာများနှင့် ကျွန်မရဲ့ သားတို့၏ ပိုင်းဝန်းကူညီမှုကြောင့် အခုလို မယ်တော်ဂူ ဆောက်လုပ်လှူဒါန်းနိုင်တာဖြစ်ပါတယ်” ဟု ဒေါ် လဇိန်ထုဘူ က ပြောသည်။

လုဒ်မယ်တော်ဂူဖွင့်ပွဲ မိဿားတရားတော်မြတ်ကို နံနက် ၁၁ နာရီခန့် စတင်ပြီး ကက်သလစ်ဘာသာဝင်များနှင့် ဘာသာပေါင်းစုံမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ စုစုပေါင်း ၅၀၀ ထက်မနည်း ပါဝင်ခဲ့ကြသည်။ ‘အမိမယ်တော်ဟာ ကျွန်တော်တို့သားသမီးတိုင်း တောင်းသမျှ ပေးသော အမေဖြစ်တယ်။ ကိုယ့်အိမ်မှာ ဆုတောင်းနေတာထက် အခုလို မယ်တော်ရှေ့လာရောက် ဆုတောင်းဖို့ တိုက်တွန်းချင်ပါတယ်’ ဟု ဘုန်းတော်ကြီး ဒေါက်တာ ပီတာ ခါးအောင်တူးမှ မိန့်ကြားခဲ့သည်။မဿားတရားတော်မြတ်အပြီး နန်းကွေ့၊ မြစ်ကြီးနား၊ လယ်ကုန်းရပ်ကွက်များမှ မိခင်များ၊ လူငယ်များ၏ တေးသီချင်းဖြင့် ဂုဏ်ပြု အစီအစဉ်နှင့် အတူ ည အချိန်တွင်လည်း စင်တင် တေးဂီတ အစီစဉ်ဖြင့် ပွဲတော်မြတ်ကို ကျင်းပခဲ့သည်။

ဇေဝိဇာဘက် မိုင်းမိုင်
(MKN-OSC)

## မင်းသုံးပါးနှင့်ကလေးသူငယ်များ

ကျိုင်းတုံမြို့ စိန်ပီတာရဟန်းဖြစ်သင်ကျောင်း၌ ကျိုင်းတုံ မြို့တွင်းရှိရပ်ကွက်အသီးသီးမှဘုရားစကားသင်ကြားနေသောကလေးငယ်များအတွက် ခရစ္စမတ်ပွဲ တော်အဖြစ်မင်းသုံးပါးပွဲ၌ကျင်းပပေးခဲ့ပါသည်။ ဂိုဏ်းအုပ်ဆရာတော် ပီတာလွီးစ်ဦးဆောင်၍ ဘန်းတော်ကြီးအဲဖရက်ဂျေမှ တိုမမ္ဗစွာတရားတော်များကို ကလေး သူငယ်များအတွက်ပူဇော်ပေးပြီး ကလေးသူငယ်များကို ကောင်းကြီးပေးခဲ့ပါသည်။၄င်းပြုလုပ်ပေးရခြင်း၏ရည်ရွယ်ချက်မှာဘာသာရေး အကြောင်းသိကောင်းစရာများကိုရင်းနှီးကျွမ်းဝင်ပြီးယုံကြည်ခြင်းသက်ဝင် လာစေရန် နှင့်အသင်းတော်ကို ဆက်ကပ်လိုသောစိတ်ဆန္ဒပေါ်ပေါက်စေရန် တိုဖြစ်ပါသည်။ ရပ်ကွက် အလိုက်ဓမ္မသီချင်းများပြိုင်ခြင်း မိမိတိုကက်သလစ် အသင်းတော်မှ သင်ကြားခဲ့ရသောသင်ခန်းစာများအပေါ် ပြန်လည်ယှဉ်ပြိုင်မှုများ ပြုလုပ်ကြပါသည်။ တစ်ဦးချင်းလိုက်ဆုရရှိသူများဆုချီးမြှင့်ပေးခဲ့ပါသည်။ (Rose SdP)

## ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ

(၁၄၊၁၊၂၀၁၆)နေ့ ကျိုင်းတုံဖဟိုကက်သလစ် ကရုဏာခန်းမဆောင်၌ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကိုကျင်းပခဲ့ပါသည်။ အခမ်းအနားကိုကရုဏာဒါရိုက်တာဘုန်းတော်ကြီးစတီးဖင်းအားချူမှ ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားခဲ့သည်မှာမြန်မာပြည်၏ အရှေ့ဖက်ရှမ်းပြည်သည် စီးပွားရေးအချက်အချာဒေသဖြစ်သည်သက်ဲသို့ ကက်သလစ်ခရစ်ယာန်ကရုဏာလူမှုရေးအဖွဲ့အစည်းသည်လူပုဂ္ဂိုလ်နှင့်သက်ဆိုင်သောကျန်းမာရေးပညာရေးနှင့် စိတ်ဓါတ်ခွန်အားကာယခွန်အားဖွံ့ဖြိုးရန် အတွက် အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာမည့် လူငယ်တိုကိုကူညီပံ့ခဲ့သည့်အပြင် လူငယ်တို၏ ဘဝလုံခြုံမှု နှင့်သူတိုဘဝရှေ့ရေးအလားအလာကောင်းမွန်အတွက်ပညာပေးခြင်းဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ဆက်လက်ပြီးရွှေ့ပြောင်းလုပ်သားဆိုင်ရာ လေ့လာတွေ့ရှိချက်များကို ဒေါ်စုစုနိုင်မှဝေမျှကာရဲအုပ်ဦးအောင်ကျော်ဇင် ကလူကုန်ကူးမှုတားဆီးရေး ဆောင်ရွက်ချက်များကိုင်၄း၊ ခရိုင်အလုပ်သမားဝန်ကြီးဌါနမှဦးမျိုးတင့်မှ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာဆောင် ရွက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသည်။ ၄င်းဆွေးနွေးပွဲသိုဖိတ်ကြားထားသောရဟန်းတော်များသူတော်စင်သီလရှင်များရပ်မိရပ်ဖလူကြီးများနှင့်လူငယ်များတိုတက်ရောက်ပါဝင်ခဲ့ပါသည်။ (Rose SdP)

## စွမ်းရည်ရှေ့ဆောင်ပညာသင်တန်း

Capacity Building Initiative (C.B.I)စွမ်းရည်ရှေ့ဆောင်ပညာ သင်တန်းတစ်ရပ်ကို(၂၀၁၆)၊ ဇန်နဝါရီလ(၁၃)ရက်မှ(၁၅)ရက်နေ့အထိ တောင်ကြီးဂိုဏ်းချုပ်သာသနာပီးမေးအောက်မေ့ဖွယ်ဓမ္မာရုံတွင်ပြုလုပ်ကျင်းပ ပါသည်။ ၎င်းသင်တန်းကို သားပြည့်ဖိုး(NGO)မှ ဦးဆောင်ပို့ချကာ ၎င်းသင်တန်းတွင် Why Communication is Important?, History of Communication, Communication process, Types of Communication, Barriers of Communication, Channel Choosing, Listening Skills, Observation Skills, Questioning Skills, Feedback Skills, Presentation Skills, Core-practice နှင့် Negotiation Skills များပါဝင်ကာ တောင်ကြီးမြို့ပေါ်ရှိ စာပေနှင့် ယဉ်ကျေးမှုအသီးသီးမှ ကိုယ်စားလှယ်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ဘာသာရေးအဖွဲ့အစည်းအသီးသီးမှ ကိုယ်စား လှယ်များ အပါအဝင် လူဦးရေ (၂၅)ဦးခန့်တက်ရောက်ကြောင်း တောင်ကြီးဂိုဏ်းချုပ်သာသနာFr. ညီလုံးထံမှ သတင်းရ ရှိပါသည်။ (TGY OSC)

## ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံတွင် ကဏ္ဍကြီး(၅)ခုကို အဓိကထား ဆွေးနွေးသွားမည်

နေပြည်တော်တွင် ဇန်နဝါရီ(၁၂)ရက်မှငါးရက်ကြာကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ၌ ကဏ္ဍကြီး(၅)ခုကို အဓိကထား ဆွေးနွေးသွားမည်ဟု ညီလာခံတက်ရောက်နေသည့်သူများဆီမှ သိရပါ သည်။

နိုင်ငံရေးကဏ္ဍအတွက်ဖက်ဒရယ်စနစ်မှာ အခြေခံသင့်တဲ့မူတွေ၊ လုံခြုံရေးကဏ္ဍ အတွက် နိုင်ငံတော်ကာကွယ်ရေးနဲ့ အခြေခံများ၊ လူမှုရေးကဏ္ဍအတွက် စစ်ဘေးရှောင်များအပါအဝင်ပြန်လည် နေရာချထားရေးနှင့် ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသွားမည်။

စီးပွားရေးကဏ္ဍတွင် အခွန်ကောက်ခံတာနှင့် ပြန်လည်ခွဲဝေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတ ခွဲဝေခြင်းအခန်းကဏ္ဍတွင် သဘာဝ သယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်းနှင့်ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များကိုထည့်သွင်း ဆွေးနွေးမည်ဟုသိရပါသည်။

ပထမဆုံးအကြိမ်ပြုလုပ်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အစိုးရဖက်မှကိုယ်စားလှယ် ၇၅ ယောက်၊ လွှတ်တော်မှ ၇၅ ယောက်၊ တပ်မတော်မှ အယောက် ၁၅၀ ၊ NCA လတ်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် အယောက် ၁၅၀၊ တိုင်းရင်းသားကိုယ်စားလှယ် အယောက် ၅၀ ၊ နိုင်ငံရေးပါတီများက အယောက် ၁၅၀ နှင့်တစ်ခြားပုဂ္ဂိုလ် အယောက်ငါးဆယ်တို့ တက်ရောက်နေကြပါသည်။ (မြစ်မခ)

## အယ်လ်နီညို ရာသီဥတုကြောင့် သောက်သုံးရေ များပါးစေရေး ပြင်ဆင်ထားရန် အသိပေးနိုးဆော်

စစ်ကိုင်းတိုင်းတွင် အယ်လ်နီညိုရာသီဥတုကြောင့် လာမည့် နွေရာသီတွင် သောက်သုံးရေ ရှားပါးမှု ပြဿနာ မကြုံရအောင် ကြိုတင်ပြင်ဆင်ထားဖို့ သက်ဆိုင်ရာမြို့နယ်စည်ပင်ဌာနများက အသိပေးနှိုးဆော်နေကြပါသည်။

သောက်သုံးရေ ရှားသည်နှင့်ကြားတာနှင့် တစ်ပြိုင်နက် ဘက်ဂျက်ရှိရှိ၊ မရှိရှိသောက်သုံးရေရရှိရန်အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ပြီး နည်းပညာပေးသည်လုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်ဟု တိုင်းအစိုးရအဖွဲ့ထံမှသိရပါသည်။ စစ်ကိုင်း ၊ မုံရွာ၊ ယင်းမာပင်၊ရွှေဘိုသည့် ခရိုင်များထဲမှာ ရေတွင်း ရေကန်တူးခြင်း၊ သဘာဝ စိမ့်စမ်း ရေသွယ်တန်းတာ၊ မြစ်ချောင်း ဆည်မြောင်းတွေကနေ ရေစုပ်စက်တွေ အသုံးပြုပြီရေတင်တာ၊ အရေးပေါ်ရေဘောက်ဆာကားနှင့်သောက်သုံးရေပို့နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်တာများလုပ်ထားဖို့မြို့နယ်စည်ပင်အဖွဲ့တွေကို စည်ပင်သာယာဝန်ကြီးက ညွှန်ကြားထားပါတယ်။ မိုးလေဝသပညာရှင်များက၂၀၁၆ခုနှစ်ပထမခြောက်လထဲတွင်အယ်နီညို ရာသီဥတုထိခိုက်ခံရနိုင်ခြင်းကြောင့် သောက်သုံးရေရှားပါးမှုနဲ့ ကြုံတွေ့ နိုင် ပြီး သမိုင်းတွင် အားအကောင်းဆုံး အယ်လ်နီညိုဖြစ်နေခြင်းကြောင့် နွေရာသီမှာ အပူရှိန်မြင့်းထန်နိုင်သည်ဟုလည်း သုံးသပ်ထားကြပါသည်။ (မြစ်မခ)

# သိုးထိန်းအသံ စာစောင်

- ကဗျာ
- ဗိုလ်ညာဉ်ရိက္ခာ
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ
- အမျိုးသမီးကဏ္ဍ
- လူငယ်
- မှတ်သားဖွယ်ရာအတိုအထွာ
- ဘာသာရေးအမေး/အဖြေ
- ရဟန္တာများ၏အသိုအမိန့်များ




တစ်အုပ် – ၆၀၀ကျပ်
တစ်နှစ် – ၆×၆၀၀
–၃၆၀၀

နှစ် လ တစ်ကြိမ် ထုတ်ဝေပါသည်။

# ONE BREAD ONE BODY

(daliy reflection
- in English)




တစ်အုပ် – ၆၀၀ကျပ်
တစ်နှစ် – ၆×၆၀၀
– ၃၆၀၀

နှစ် လ တစ်ကြိမ် ထုတ်ဝေပါသည်။

**မန္တလေးကက်သလစ်သာသနာလူမှုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး** မှ
ထုတ်ဝေလျက်ရှိသောစာစောင်များကို ဝယ်ယူဖတ်ရှုနိုင်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။

# Beloved of Christ

(in English)




- Ecology
  (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး)
- Reflection
  (ဗိုလ်ညာဉ်ရိက္ခာထောက်ရှုချက်)
- Tips
  (မှတ်သားစရာ အတိုအထွာ)
- The Best Prahies
- The church in Myanmar/Asia
  (အာရှတိုက်(သို့)မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်သာသနာတော်အကြောင်း၊)

တစ်အုပ် – ၆၀၀ကျပ်
တစ်နှစ် – ၆×၆၀၀
– ၃၆၀၀

နှစ် လ တစ်ကြိမ် ထုတ်ဝေပါသည်။

# Weekly Homily helps

(in English)




တစ်အုပ် – ၆၀၀ကျပ်
တစ်နှစ် – ၆×၆၀၀
–၃၆၀၀

လစဉ် ထုတ်ဝေပါသည်။



# ဝိညာဉ်ခွန်အား

(နေ့စဉ်ကျမ်းစာတော်မြွက်များ)

တစ်အုပ် – ၃၀၀ကျပ်
တစ်နှစ် – ၁၂×၃၀၀
–၃၆၀၀

လစဉ် ထုတ်ဝေပါသည်။





# ကက်သလစ်ဘာသာရေးပစ္စည်းရောင်းဆိုင်

ကက်သလစ်လူမှုဆက်သွယ်ရေးနှင့်ပြန်ကြားရေးရုံး
မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာ














-ကာလစ်ခွက်၊သက်နိး၊ဆင်းတုတော်၊စိတ်ပုတီး၊ -ဘာသာရေးသီချင်း၊ဇာတ်လမ်း
-ကျမ်းစာ၊ဘာသာရေးစာအုပ်များ၊ -CD/VCDခွေများရရှိနိုင်ပါသည်။

ဆက်သွယ်ရန် - ၀၂-၃၃၆၂
- ၀၉-၉၇၆၄၅၃၇၆၃
- ၀၉-၂၅၅၇၄၀၈၃၁